ဆင်တောင်ကျေးရွာ

ဒီမောဆိုးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆင်တောင်ကျေးရွာ၊ ဒီမောဆိုးမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ဆင်တောင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဒီမောဆိုးမြို့နယ် ၆

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၀

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၆

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယာဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၁
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၇
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၈၄

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၅
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မှုံပြာကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ် ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံး ပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီး ဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါ မည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဒီမောဆိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒီမောဆိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရ

ဌာနများ၏ အကြံပြုချက်များ၊ ကယားပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆင်တောင်ကျေးရွာ

ဒီမောဆိုးမြို့နယ်

ဆင်တောင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဒီမောဆိုးမြို့နယ်



ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃–၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ

အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ ကယားပြည်နယ်သည် မြန်မာပြည်၏ အရှေ့တောင်ဘက် အကျဆုံး ပြည်နယ်ကြီးတစ်ခုဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ ကျော်တွင်ရှိပြီး မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ ဒီမောဆိုးမြို့သည် ကယားပြည်နယ်ကြီး၏ အလယ်ပိုင်းတွင်တည်ရှိပြီး လွိုင်ကော်မြို့နှင့် ထိစပ်လျှက်ရှိပြီး (နေပြည်တော်၊ လွိုင်ကော်)၊ (တောင်ကြီး/အောင်ပန်း၊ လွိုင်ကော်) ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။

ဆင်တောင်ကျေးရွာသည် ဆင်တောင်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး မိုးဇြံမြို့မှ (၆.၄) ကီလိုမီတာနှင့် နမ့်ဖယ်ခုံနှင့် (၂.၄) ကီလိုမီတာ ကွာဝေးပါသည်။ ဒီမောဆိုးမြို့နယ်၏ (၂၀၁၄) ခုနှစ်အတွင်း မိုးရွာ ရက် ပေါင်း (၁၃၉) ရက် နှင့် မိုးရေချိန်မှာ (၂၀၇.၁၃) လက်မ အထိ ဖြစ်ပါသည်။

ဒီမောဆိုးမြို့နယ်သည် ဒွေးမယ်နော်ကန်တော် ခုနစ်ဆင့်၊ ငွေတောင်ဆည်တို့နှင့် နီးပြီး မြေပြန့်လယ်ယာများ ပါဝင်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။ ဆင်တောင်ကျေးရွာသည် ပထဝီဝင် အနေအထားအရ မြေပြန့်အနေအထားတွင် တည်ရှိပါသည်။ ဒီမောဆိုး၊ မိုးဇြံနှင့် ကျောက်ခင်းလမ်းဖြင့် ဆက်သွယ်ထားပြီး လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းသည်။ ဆင်တောင်ကျေးရွာ၏ အဓိအသက်မွေးဝမ်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

ဒီမောဆိုးမြို့နယ်သည် သဘာဝသယံဇာတနှင့် ပတ်သက်၍ အနည်းငယ်ထွက်ရှိသော ဒေသဖြစ်သည်။ ဆင်တောင်ကျေးရွာတွင် ကျေးရွာအနီး ကျောက်တောင်မှ ဂဝံကျောက်များ လွယ်ကူစွာ တူးနိုင်သည်။ တောတောင် များမှာ သဘာဝသစ်ပင်များလျော့နည်းလာသည်။ ဖမ်းဆီးမှုများကြောင့် တိရိစ္ဆာန်မျိုးစိတ်များ လျော့နည်းလာသည်။ ထင်းအတွက်သစ်ခုတ်မှုများရှိပြီး သဘာဝဆေးဘက်ဝင်ပင်များလျော့နည်းလာသည်။ ရွာပတ်လည် တောင်မှ ငှက်မျိုးစုံ၊ ယုန်၊ တောကြောင်၊ ခါ ၊ ငုံး၊ တောကြက်၊ ချိုး၊ ကြက်တူရွေး၊ ခို၊ မျောက်၊ မျစ်၊ ဝါးနှင့် ဆေးဖက်ဝင်အပင်များ၊ ဟင်းသီး/ရွက်များရှိသော်လည်း ရှားပါးလာသည်။ တိရိစ္ဆာန်များရှားပါးလာသည်။ လက်လှမ်းမီနိုင်မှု တဖြည်းဖြည်း ခက်လာသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ဆင်တောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၅၂ အိမ်နှင့် လူဦး ရေပေါင်း (၆၂၀) ဦး (ကျား ၃၁၅+ မ ၃၀၅) ဦး ရှိသည်။ လူဦးရေထူထပ်မှုမှာ တစ်အိမ်ထောင် ပျမ်းမျှ (၄.၀၇) ဖြစ်ပြီး မိသားစု ပျမ်းမျှလူဦးရေ အနည်းငယ်နည်းသည်ကို တွေ့ရပါ သည်။ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ ၄၃၆ ဦး (၇၀.၃%) ရှိပြီး မှီခိုသူဦးရေမှာ ၁၈၄ (၂၉.၇%) ရှိသည်။ အမျိုးသားအလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ လည်း အမျိုးသမီးလူဦးရေထက် ၁၂ ဦး (၂.၈%) ပိုများသည်ကို တွေ့ရသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ဆုံးဖြတ်သော ဓနဥစ္စာအဆင့်အနေအထား အရ ဆင်းရဲနှင့် ဆင်းရဲဆုံးအိမ်ထောင်စုမှာ စုစုပေါင်း (၁၁၅) အိမ် (၇၅.၇%) ရှိသဖြင့် အများစုမှာ ဆင်းရဲသားများ ဖြစ်ကြသည်။ ကျန် ၃၇ အိမ် (၂၄.၃%) မှာ အဆင်ပြေနှင့် အလယ်အလတ်တန်းစား မိသားစုများဖြစ်သည်။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုနှင့် တန်စဝင်ငွေမှာ အရေးပါသည်ကို တွေ့ရသည်။ အဆင်ပြေသော မိသားစုများမှာ လယ်မြေ အနည်းဆုံး ၄ ဧကအထက်နှင့် တစ်နှစ်ဝင်ငွေ အနည်းဆုံးသိန်း (၁၀) အထက် ရှိသော်လည်း ဆင်းရဲဆုံး မိသားစုများမှာ စိုက်ပျိုးမြေမရှိ၊ ပုံမှန်ဝင်ငွေမရှိကြပါ။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၃ လအောက် ဝမ်းစာဖူလုံသူများမှာ ကျပန်းသမားမြေယာမဲ့နှင့် တောင်သူငယ်များဖြစ်သည်။ ကျေးရွာမိသားစု၏ ၇၀ အိမ်ထောင်စု (၄၆.၁%)သည် ၃ လအောက် ဝမ်းစာဖူလုံသူများဖြစ်ပြီး ကျပန်းသမားမြေယာမဲ့နှင့် တောင်သူငယ်များဖြစ်သည်။ ၎င်းမိသားစုများမှာ နေ့စားလုပ်အားခဖြင့် ဆန်ဝယ်စားကြရသည်။ လုပ်အားကြိုရောင်းပြီး ကျန်လများတွင် အကြွေးယူစားကြရသည်။ ကျေးရွာမိသားစု၏ ၄၅ အိမ်ထောင်စု ၂၉.၆% မှာ ၃ လနှင့် ၅ လအထိ ဝမ်းစာဖူလုံမှုရှိပြီး ကျန်လများတွင် သီးနှံရောင်းချပြီး ဆန်ဝယ်စားကြသည်။ လုပ်အားခဖြင့် ဝယ်စားကြရသည်။ နေ့စားလုပ်အားခဖြင့်ဝယ်စားကြပြီး တစ်ရက်စာ စားသောက်ကြရသည်။ ၃၇ အိမ်ထောင်စု ၂၄.၃% မှာ ၆ လနှင့် အထက် ဝမ်းစာဖူလုံကြသည်။

ပညာအရည်အချင်းနည်းပါး၍ အလုပ်မရရှိသော လူငယ်များ၊ ကလေးများ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မြေယာမဲ့လက်လုပ်လက်စားများ၊ ရွှေ့ပြောင်းလုပ်သားများ စားဝတ်နေရေး အဆင်မပြေသူများသည် ထိခိုက်လွယ်ကြသည်။ လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲ သားတောင်သူများ၊ ကျပန်းများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက် လွယ်ဆုံး မိသားစု၊ အုပ်စုများဖြစ်သည်။

သစ်တောကိစ္စပြဿနာ၊ လူနည်းစုပြဿနာ၊ ဒေသတွင်းပဋိပက္ခပြဿနာ၊ နယ်စပ်မြေနေရာလုမှု ပြဿနာ၊ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်ကြရသဖြင့် အန္တရာယ်ရှိမှု အခြေအနေများ မြင့်သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ဆင်တောင်ကျေးရွာသည် ဝမ်းရောဂါ၊ တုတ်ကွေး၊ ရာသီဖျားရောဂါများ အဖြစ်များနေပါသည်။ ဝမ်းရောဂါနှင့် ယားနာဖြစ်ပွားမှု အဖြစ်များသည်။ ရေသန့်ရှင်းမှုမရှိသောကြောင့် ဖြစ်သည်။ ကျေးရွာတွင် ဆေးပေးခန်းအသစ်ဆောက်လုပ်လျက်ရှိပြီး သားဖွား-၁ ဦးနှင့် အထောက်အကူပြု - ၁ ဦးရှိသည်။ ရွာတွင်နေထိုင်ပြီး ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေး စောင့်ရှောက်မှုရှိပြီး ဆေးဝါးနှင့် ဆေးခန်း သုံး ပစ္စည်းများ လုံလောက်မှုမရှိပါ။ ထို့ကြောင့် တခါတရံ နမ့်မယ်ခုံသို့သွားရောက်ကြသည်။ အဆင်မပြေမှ မိုးဗြဲနှင့် လွိုင်ကော် သို့သွားရောက်ကြသည်။ အရေးပေါ် ဖြစ်ပါက မိုးဗြဲသို့ သွားကြရပြီး ၄ မိုင်ဝေးသည်။ တခါတရံ လွိုင်ကော်သို့ သွားရောက် ဆေးကုကြရသည်။ ဆင်တောင်ကျေးရွာတွင် သောက်ရေအဖြစ် ရေတွင်း ၁၁၇ တွင်း၊ ကန် ၇ ခု၊ မိုးရေသိုလှောင်ကန် ၁၆ ကန်ရှိသည်။ ကျေးရွာတွင် ရေတွင်းများရှိသော်လည်း နွေပိုင်းတွင် သောက်သုံးရေမရ။ မိုးခေါင်နှစ်များတွင် ရေရှားပါးသည်။ ရေထွက်ပေါက်သို့သွားခပ်ကြရသည်။ ရေထွက်ပေါက်မှာ ၂ ဖာလုံခန့် စိမ့်စမ်းရေသွယ်တန်းခြင်းပြုလုပ်ပါက စာသင်ကျောင်းနှင့် ရွာအတွက် သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ပါသည်။ ကျောင်းတွင်လည်း အဝီစိရေတွင်းတူးပါကလည်း သောက်သုံးရေ လုံလောက်နိုင်ပါသည်။ ယင်လုံအိမ်သာ တရွာလုံး (၁၄၅) အိမ်မှ အသုံးပြုကြသည်။ ၂ အိမ်မှာ အိမ်ထောင်ခွဲအသစ်များ ဖြစ် ပြီး (၅) အိမ်မှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ပြီး စုပေါင်းသုံးနေကြသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဆင်တောင်ကျေးရွာတွင် ဘာသာရေးအခြေပြုပညာရေး ပြီးဆုံးသူ (၃၀) ဦး၊ မူလတန်း (၂၉၄) ဦး၊ အလယ်တန်း (၁၀၁) ဦး၊ အထက်တန်း (၅၇) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၁၁) ဦး ရှိပါ သည်။ လက်ရှိတွင် တက္ကသိုလ်တက်ရောက်နေသူ ၃ ဦးရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အားရကျေနပ်စရာ ဖြစ်ပါသည်။ ကျေးရွာ၏ ကျွမ်းကျင်မှုနှင့် အဓိကဝင်ငွေတိုးလုပ်ငန်းများမှာ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံ နှင့် အိမ်ဈေးဆိုင်လုပ်ငန်းများ စသည်တို့ဖြစ်ကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ဆင်တောင်ကျေးရွာတွင် အမျိုးသားဦးရေ ၃၁၅ ဦးနှင့် အမျိုးသမီးဦးရေမှာ ၃၀၅ ဦးရှိသည်။ အမျိုးသားလုပ်သားဦးရေမှာ အမျိုးသမီးလုပ်အားထက် ၁၂ ဦး (၂.၈) ရာခိုင်နှုန်းခန့် ပိုမိုပါ သည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်မူ ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိကပါဝင်

ဖွဲ့စည်းထားပြီး အမျိုးသမီးများ ပါဝင်ခွင့်ရမှု နည်းကြသည်။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်း ကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါ သည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက် အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ဆင်တောင်ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက် နေသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာ၏ လိုအပ်ချက်အရ အဖွဲ့ ၁၁ ဖွဲ့ကို ဖွဲ့စည်းထားကြပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ၊ လူငယ်အဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့၊ ဓမ္မစကြာဝတ်ရွတ်အဖွဲ့၊ ယဉ်ကျေးမှု ကော်မတီ၊ မူကြိုကော်မတီ၊ ကျန်းမာရေးအဖွဲ့(မိခင်နှင့်ကလေး)၊ မိဘဆရာအသင်း၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့စသည် သက်ဆိုင်သော ကိစ္စရပ်များအတွက် ရည်ရွယ်ဖွဲ့စည်းထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် ကျေးရွာနှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် စနစ်တကျ ဆောင်ရွက်တတ်သည့် အလေ့အထများကို ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။ ၎င်းအပြင် မိမိတို့ကျေးရွာသည် နိုင်ငံတော်အ စိုးရလက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၊ ပညာရေး၊ ကျန်းမာရေး)၊ နိုင်ငံတကာအဖွဲ့အစည်းများ (ကဲမြန်မာ၊ ဂျပန်အဖွဲ့) စိုက်ပျိုးရေး ဘဏ်၊ ဆည်မြောင်းဦးစီးဌာနနှင့်မြို့နယ်ကျေးလက်ဦးစီးဌာနစသည် ချိတ်ဆက်မှုရှိခြင်းဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ပြင်ပအကူအညီများကို ရရှိခဲ့ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက်ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေး ပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည့်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ဆင်တောင်ကျေးရွာတွင် မြေယာမဲ့ ၄၈ အိမ်ထောင်ရှိပြီး တောင်သူ ၁၀၄ အိမ်ထောင်ရှိသည်။ လယ်စပါးစိုက်ပျိုးရေးကိုသာ အဓိကထားစိုက်ပျိုးသည်။ ပြောင်းစိုက်ခြင်းသည် အမြတ်ငွေနည်း

သော်လည်း စိုက်ဧကနည်းသည်။ စပါးနှင့် ပြောင်းကို အဓိကစိုက်ပျိုးပြီး ကြက်သွန်ဖြူ၊ နီနှင့် ဆောင်းသီးနှံများကို ရေရရှိသောနေရာတွင်သာ အနည်းငယ်ခန့် စိုက်ပျိုးကြသည်။ စပါးမျိုးမှာ ရွှေရင်အေး၊ ပုလဲသွယ်တို့ဖြစ်ပြီး ဝင်ငွေအသင့်အတင့်ရှိပါသည်။ လယ်တွင် တစ်သီးသာ စိုက်ပျိုးနိုင်ပြီး နွေရာသီတွင် ရေမရရှိ၍ မစိုက်ကြတော့ပေ။ တစ်နှစ်ပတ်လုံးအတွက် လယ်စပါး စိုက်ပျိုးခြင်း၏ ဝင်ငွေပေါ်တွင် မှီခိုရသည်။

စိုက်ပျိုးမြေမှာ လယ်(၃၀၂.၁) ဧက နှင့် ယာမြေ (၉၈.၅) ဧက၊ သစ်တောမြေ (၃၆) ဧက၊ စုစုပေါင်း ၄၃၆.၆ ဧကရှိ၍ တောင်သူ လုပ်ငန်းအတွက် လိုအပ်သော လုပ်အားအနေဖြင့် မြေယာမဲ့ ကျပန်းနှင့်တောင်သူငယ်များကို မှီခို အားထားရပါသည်။

မွေးမြူရေးကို ၆၃ အိမ်မှ မွေးမြူကြပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ မွေးမြူရေးသီးသန့်လုပ်ကိုင်သူ ၃ အိမ် ရှိသည်။ ငါးကန်မှာ လက်ရှိ ၁ ဦး လုပ်ကိုင်နေပြီး ငါးကန်လုပ်ငန်းတိုးချဲ့ရန်နှင့် အခြားသူများ လုပ်ကိုင်ရန် အခွင့်အလမ်း ရှိသည်။ ငါးကန်နှင့်တွဲဖက်၍ စီပီဂက်မွေးမြူရန် ဥစားကြက်မွေးမြူရန် အလားအလာရှိသည်။ ဈေးကွက်အတွက် လွတ်လပ်စွာ ရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ်ကျရောက်သောရောဂါများကိုကာကွယ်နိုင်ခြင်း၊ နည်းပညာဝန်ဆောင်မှု မရရှိသောကြောင့် မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူလေ့ မရှိကြပါ။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေး တောင်သူများ ထုတ်လုပ်မှုနည်းပြီး အမြတ်အစွန်းလည်း နည်းသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာအတွင်းရှိ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများအဖြစ် တောင်သူငယ်များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအလုပ်လုပ်ခြင်း၊ ပန်းရံ၊ လက်သမားလုပ်ကိုင်ခြင်း၊အစိုးရဝန်ထမ်း၊ အိမ်ဈေးဆိုင်ငယ်များရောင်းခြင်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းအရေအတွက် ၁၅ ခု ရှိပြီး အလုပ်သမားလုပ်ကိုင်သူ ၁၁၉ ဦး ရှိသည်။ အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ်များမှာ ပုံမှန်အလုပ်အကိုင်မရှိ။ ပုံမှန်ဝင် ငွေမရ။ တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်းသည်၊ အဓိက လုပ်ငန်းဖြစ် သော်လည်း မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြ သည်။ နေ့စားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေမှာ ပျမ်းမျှ ၃၀၀၀ ကျပ်ခန့်ရှိပြီး စားဝတ်နေရေး ခက်ခဲကြသည်။ လယ်ယာစိုက်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။ အကြွေးယူကာ (သို့) လုပ်အား ကြိုရောင်းခြင်းဖြင့် ဖြေရှင်းရသည်။ အနီးပတ်ဝန်းကျင်ရွာများသို့သွားရောက်လုပ်ကိုင်ကြရသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

အခြားတိရိစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝအရင်းအမြစ် ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။ မြေဆီလွှာထိန်းသိမ်းမှုလည်း မရှိကြပါ။ ပိုးသတ်ဆေးဖူးခွံများကိုလည်း စနစ်တကျ စွန့်ပစ်ခြင်း မရှိသောကြောင့် ပါတ်ဝန်ကျင်သန့်ရှင်းမှု နည်းလာသည်။ သစ်တောများလည်းထုတ်ယူသုံးစွဲမှုများပြီး သစ်တောပြုန်းတီးလာသဖြင့် စိမ့်စမ်းရေထွက်များလည်း တဖြည်း ဖြည်း ခမ်းခြောက်လာသည်။ အခြားမည်သည့်ဌာနကမှ သင်တန်းပေးခြင်း ကြုံတင် စီမံပေးခြင်း များမရှိပါ။ ဗဟုသုတလည်း နည်းကြသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် မိုးစပါးစိုက်ပျိုးရေးအတွက် ပုံစံ ၇ ရှိသူများသာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ စိုက်ပျိုးရေးငွေကို ထုတ်ချေးနိုင်ကြသည်။ စိုက်ဘဏ်ချေးငွေအချိန်မီမရ၊ လုံလောက်မှုမရှိ။ စိုက်ဘဏ်မှ စိုက်ပျိုးရေးချေးငွေယူသူ ၁၀ ဦးခန့်ရှိပြီ သိန်း ၈၀ ခန့်ချေးထားသည်။ တောင်သူငယ်များမှာ ချေးငွေကာလကန့်သတ်ချက်ကြောင့် ချေးယူသူနည်းသည်။ ပြင်ပမှ စိုက်စရိတ် ချေးပါက (၆-၁၀%) အတိုးရှိသည်။ လူငယ်အဖွဲ့ ရံပုံငွေမှာ ၁၁ သိန်းခန့်ရှိပြီး ငွေပမာဏ အနည်း ငယ်သာ ချေးလို့ရနိုင်သည်။ ကျေးရွာတွင် မီးလင်းရေးရံပုံငွေ သိန်း ၃၀၀ ခန့်ကို ယခင်က စိုက်ပျိုးရေးချေးငွေထုတ်ပေးသော်လည်း ယခု မီးလင်းရေးတွင် အသုံးပြုနေသောကြောင့် ချေးလို့ မရနိုင်တော့ပါ။ ကျေးရွာတွင် စိုက်ပျိုးစရိတ်နှင့် အခြားလုပ်ငန်းများအတွက်ချေးငွေ ထုတ်ချေးသော အဖွဲ့ အားနည်းနေပြီး (ချမ်းသာသူများ) ငွေတိုးပေးသူများသာရှိသည်။ လွိုင်ကော်နှင့် မိုးဗြဲရှိ အပေါင်ဆိုင်၊ ပွဲစား၊ ပွဲရုံ စသည်တို့မှငွေချေးငှားပါက အပေါင်ခံပစ္စည်း ရှိမှသာ ငွေချေး နိုင်ကြသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဆင်တောင်ကျေးရွာတွင် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းရှိပြီး အစိုးရခန့် မူလတန်းဆရာ/ဆရာမ-၃ ယောက်၊ အလယ်တန်းဆရာမ ၃ ဦး ပညာသင်ကြားလျက်ရှိပါသည်။ မူလတန်းကျောင်းသားဦးရေ ၇၃ ယောက်၊ အလယ်တန်းကျောင်းသားဦးရေ ၈၀ ဦးရှိသဖြင့် ဆရာ အင်အားလုံလောက်မှုရှိသည်။ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားဦးရေ သိသိသာသာ လျော့ နည်းရခြင်းမှာ အထက်တန်းကို မိုးဗြဲနှင့် ဒီမောဆိုးသို့ သွားရောက် တက်ကြရသည်။

ကျန်းမာရေးကဏ္ဍအတွက် ကျေးရွာတွင် ဆေးပေးခန်းအသစ်ဆောက်လုပ်လျက်ရှိပြီး သားဖွား-၁ နှင့် အထောက်အကူပြု - ၁ ဦးရှိသည်။ ရွာတွင်နေထိုင်ပြီး ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုရှိပြီး ဆေးဝါးနှင့် ဆေးခန်းသုံးပစ္စည်းများ လုံလောက်မှုမရှိပါ။ ထို့ကြောင့် တခါတရံ နမ့်မယ်ခုံသို့ သွားရောက်ကြသည်။ အဆင်မပြေမှ မိုးဗြဲနှင့် လွိုင်ကော်သို့သွားရောက် ကြသည်။ ဆေးဆိုင်နှင့် ဆေးရုံမှာ မိုးဗြဲသို့ ၆.၄ ကီလိုမီတာဝေးသည်။ တစ်ရွာလုံးအတွက် **သောက်သုံးရေ** တွင်း ၁၁၇ တွင်း၊ မိုးရေလှောင်ကန် ၁၆ ကန်၊ ရှိသည်။ ကျေးရွာတွင် ရေတွင်းများ

ရှိသော်လည်း နွေပိုင်းတွင် သောက်သုံးရေမရ။ မိုးခေါင်နှစ်များတွင် ရေရှားပါးသည်။ ရေထွက်ပေါက်သို့ သွားခပ်ကြရသည်။ ရေထွက်ပေါက်မှာ ၂ ဖာလုံခန့် စိမ်းစမ်းရေသွယ်တန်းခြင်း ပြုလုပ်ပါက စာသင်ကျောင်းနှင့်ရွာအတွက် သောက်သုံးရေလုံလောက်စွာရရှိမည်ဖြစ်ပါသည်။ ကျောင်းတွင်လည်း အဝီစိရေတွင်းတူးပါကလည်း သောက်သုံးရေလုံလောက်နိုင်ပါသည်။ ကျေးရွာတွင် လက်ရှိ ယင်လုံအိမ်သာ (၁၄၅) အိမ် ရှိပြီး ကျန် (၇) အိမ်မှာ ဆင်းရဲနှင့် အိမ်ထောင်ခွဲများ ဖြစ်ပြီး စုပေါင်းသုံးနေကြသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်အများစုမှာ အင်တာနက်အသုံးပြုမှုလက်လှမ်းမှီကြပြီး အိမ်တွင် TV ကြည့်ပြီး အပန်းဖြေကြသည်။ အားကစားတွင် လေ့လာလိုက်စားမှုအားကောင်းပြီး ဆုရရှိကြသည်။ ရှမ်းပအို့စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမှုအားနည်းနေပြီး တိုင်းတပါးယဉ်ကျေးမှုအား အတုယူအားကျစိတ်ဖြစ်နေကြသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသို့ လာရာလမ်းတွင် တံတား ၃ စင်းရှိပြီး သစ်သားတံတားများဖြစ်သည်။ ကျေးရွာမှ တစ်နှစ်တစ်ခါ ပြုပြင်ရသည်။ ရေပြွန်ကွန်ကရစ်တံတားပြုလုပ်ပါက ပိုမိုကောင်းမွန်နိုင်ပြီး လယ်ယာထုတ်ကုန်များနှင့် အခြားကျေးရွာများမှ ဆက်သွယ်ရေးအသုံးပြုသော လမ်းပေါ်တွင် တည်ရှိနေသော တံတားများဖြစ်သည်။ ဆိုင်ကယ် အစီး (၁၂၈)၊ ထော်လာကျီ ၁၆ စီးနှင့် ထရပ်ကား ၁ စီးရှိသည်။ ကျေးရွာတွင် **ဆိုလာ**ကို ၁၃၇ အိမ်ထောင်မှ အသုံး ပြုနေကြပြီး ဒီဇယ်အင်ဂျင်အသုံးပြုသူ ၆ အိမ်ရှိသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း (၁၁၁) လုံး၊ ရေဒီယို ၁၁ လုံး၊ တီဗွီဒီ (၂၅) လုံးရှိသည်။ ဖုန်းအသုံးပြုမှုမှာ ကျေးရွာ၏ ၇၅ % ခန့်အသုံးပြုကြပြီး MPT Telenor ဆက်သွယ်ရေးဝန်ဆောင်မှုရှိသည်။ လူငယ်များအားလုံး အင်တာနက် အသုံးပြုကြပြီး Facebook, Viber. Chatting အတွက်သာ အသုံးပြုကြသည်။ အိမ်ခြေ ၅၀ ခန့် မှာ IPM တပ်ဆင်ကြပြီး သတင်း၊ ဧာတ်လမ်း တွဲနှင့် အားကစားကြည့်ရှုသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

MPT _ Telenor network ဆက်သွယ်ရေးကောင်းသည်။ ဝန်ထမ်းများသာအသက်အာမခံထားကြသည်။ ရဲစခန်းနှင့် အဆက်အသွယ်ပြုမှုအားနည်းသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဆင်တောင်ကျေးရွာတွင် ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၂၂၄) ဦးနှင့် မ (၂၁၂) ဦး၊ စုစုပေါင်း (၄၃၆) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၇၀.၃%) ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက်သင်ကြားနေသူ (၂၆) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၃) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၁၁) ဦးစသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေများပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်းအမြစ် များရှိနေပါသည်။ ကျေးရွာတွင် လက်ရှိလူမှုရေးအဖွဲ့ ၁၁ ဖွဲ့ရှိနေပြီး မိမိတို့ ကျေးရွာအတွက် တာဝန် ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နေသည်မှာလည်း အားရဖွယ်ဖြစ်ပါသည်။

သီးနှံထုတ်လုပ်မှုနှင့် ပါတ်သက်၍ ကျေးရွာတွင် လယ် ၃၀၂.၁ ဧက၊ ယာမြေ ၉၈.၅ ဧက၊ သစ်တောမြေ ၃၆ ဧက၊ စုစုပေါင်း ၄၃၆.၆ ဧက ရှိပြီးမြေဩ အသင့်အတင့်ကောင်းသည်။ လယ်မှာ ဆင်တောင်ဆည် ရေသောက်ဖြစ်သော်လည်း ယာမြေများအားလုံးတို့သည် မိုးရေသောက်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် ရာသီဥတုကို မှီနေသည်။ မိုးခေါင်ပါက ရေနည်း၍ မရရှိပါ။ ငွေကြေးဝန်ဆောင်မှုအနေဖြင့် မိုးစပါးအတွက် စိုက်ဘဏ်မှ တဧကတစ်သိန်းနှုန်းနှင့် အများဆုံး ၁၀ ဧကအထိ ထုတ်ချေးပေးသည်။ ပြင်ပမှ စိုက်စရိတ်ချေးပါက (၆-၁၀%) အတိုးရှိသည်။ လူငယ်အဖွဲ့ ရံပုံငွေမှာ ၁၁ သိန်းခန့်ရှိပြီး ငွေပမာဏ အနည်းငယ်သာချေးလို့ရနိုင်သည်။ ကျေးရွာတွင် စိုက်ပျိုးစရိတ်နှင့် အခြားလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးသောအဖွဲ့ အားနည်းနေပြီး (ချမ်းသာသူများ) ငွေတိုးပေးသူများသာရှိသည်။ မိုးဖြဲ၊ ဒီမောဆိုး နှင့်မြို့တော်လွိုင်ကော်မြို့တို့နှင့် နီးပြီး ဈေးကွက်အလုံအလောက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းသည်။ စိုက်ပျိုးရေးထွက်ကုန်နှင့် သွင်းအားစုများကို အလွယ်တကူရောင်းနိုင်၊ ဝယ်နိုင်သည်။ နည်းပညာဝန်ဆောင်မှုများကိုလည်း မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ ဖွံ့ဖြိုးရေးအဖွဲ့များထံမှရရှိနိုင်သည်။ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျရောင်းချသောကုမ္ပဏီများလည်း ဒေသအတွင်းရှိသည်။ စပါးနှင့် ပြောင်းဖူးကို အဓိကစိုက်ပျိုးကြသည်။ နမ့်မယ် ခုံဈေးသို့သွားလာရောင်းဝယ်ကြသည်။ တခါတရံ ကုန်းသာဈေးသို့ သွားရောက်ကြပြီး သီးနှံသားငါး အခြေခံလူသုံးကုန်ပစ္စည်း ရောင်းဝယ်ရန်အတွက် သွားရောက်ကြပြီး မိုးဖြဲသို့ ကုန်မာ၊ စိုက်ပျိုးဆေးဝါး၊ လယ်ယာသုံး စက်ကိရိယာ၊ လူသုံးဆေးဝါးဝယ်ရန်နှင့် သီးနှံများများရောင်းရန်၊ ဈေးကောင်းရရန် စိုက်ပျိုးရေးချေးငွေ ရရှိ ရန်အတွက် သွားရောက်ကြသည်။

အခွင့်အလမ်းအနေဖြင့် လွတ်ကျောင်းရန်စားကျက်ရှိသည်။ အစာစိမ်းရနိုင်သည်။ သဘာဝပါတ်ဝန်းကျင် စိမ်းလန်းမှုရှိသည်။ ဈေးကွက်နှင့်နီးသည်။ ဈေးကွက်ကောင်းပြီး အလုံအလောက်ရှိသည်။ တိမ်မွေးကု သင်တန်းသား လည်းရှိသည်။ သွင်းအားစုများကိုလည်း အလွယ်တကူဝယ်ယူ

ရရှိနိုင်ပါသည်။ နွားမွေးမြူရေးမှာ စိုက်ပျိုးရေးအတွက် နွားချေးရရှိသောကြောင့် တိုးချဲ့မွေးရန် အလားအလာရှိသည်။ ငါးကန်မှာ လက်ရှိ ၁ ဦး လုပ်ကိုင်နေပြီး ငါးကန်လုပ်ငန်းတိုးချဲ့ရန်နှင့် အခြားသူများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသည်။ ငါးကန်နှင့်တွဲဖက်၍ စီပီဂက် မွေးမြူရန် ဥစားကြက်မွေးမြူရန် အလားအလာရှိသည်။ တိရိစ္ဆာန်ရောဂါ ကာကွယ်မှုအတွက် ကျေးရွာအတွင် တိကုသင်တန်းသားရှိပါ က အသေအပျောက်နည်းပြီး မွေးမြူရေး တိုးတက်လာနိုင်သည်။

ကိုယ်ပိုင်လုပ်ငန်းအနေဖြင့် စျေးရောင်းသူ (၁၅) ဦး၊ အလုပ်သမားနေဖြင့် လုပ်ကိုင်သူ (၁၉) ဦး (လက်သမား၊ ပန်းရံ ၉ ဦး၊ အစိုးရဝန်ထမ်း ၁၀ ဦး) နှင့် ရွှေ့ပြောင်းလုပ်ကိုင်သူအနေဖြင့် တွဲဖက် အလုပ်လုပ်ကိုင်သူ (၁၀၀) ဦး ရှိသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်း အရေအတွက် ၁၅ ခု ရှိပြီး အလုပ်သမား လုပ် ကိုင်သူ ၁၁၉ ဦးရှိသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် လူပျို-အပျိုအဖွဲ့နှင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာပါဝင်မှု ရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ လူငယ်များအားကစားတွင် လေ့လာလိုက်စားမှု အားကောင်းပြီး ဆုရရှိကြသည်။ ရှမ်းပအို့စာပေ နှင့် ယဉ်ကျေးမှုထိန်းသိမ်းမှုအားနည်းနေပြီး တိုင်းတပါးယဉ်ကျေးမှုအား အတုယူအားကျစိတ်ဖြစ်နေကြသည်။

(ခ) အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဆင်တောင်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုများ ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

ဆင်တောင်ကျေးရွာ သီးနှံထုတ်လုပ်မှု နည်းနေရခြင်းမှာ စိုက်ပျိုးရေလုံလောက်မှု မရှိသောကြောင့် တသီးစားသာ စိုက်ပျိုးနိုင်သည်။ စိုက်ဘဏ်မှ ချေးငွေလုံလောက်မှုမရှိ။ ကာလတို ချေးငွေသာဖြစ်နေသည်။ ပြင်ပမှ ချေးငွေကို ၅ မှ ၁၀ % ထိအတိုးနှုန်းဖြင့် ချေးနေရပြီး သွင်းအားစုအချိန်မှီအသုံးမပြုနိုင်ကြပါ။ ထိုင်းသို့ သွားရောက် အလုပ်လုပ်ကိုင်သူများရှိသဖြင့် ကျေးရွာလယ်ယာလုပ်ငန်းတွင် အလုပ်သမားရှားပါးလာခြင်း၊ လယ်ယာသုံး စက်ကိရိယာ မလုံလောက်ခြင်းနှင့် နည်းပညာ၊ ဗဟုသုတလည်း အားနည်းသေးသည်။ ဖျက်ပိုးရောဂါများ ပြင်းထန်ဆိုးရွားစွာ ကျရောက်မှုရှိပြီး ထိရောက်စွာနှိမ်နင်းနိုင်ခြင်းမရှိပါ။ မြန်မာ့စိုက်ပျိုးရေးဌာနမှ နည်းပညာဝန်ဆောင်မှုပေးသော်လည်း လုံလောက်မှုမရှိသေးပါ။

မွေးမြူကုသရေးဆိုင်ရာ ဝန်ဆောင်မှုမရှိ။ မွေးမြူရေးလုပ်ငန်းအတွက် သီးသန့်ချေးငွေမရှိ။ တိရိစ္ဆာန် ရောဂါကာ ကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများမရရှိ၍ ဆုံးရှုံးမှုများရှိပါသည်။ အထွက်ကောင်းမျိုးကောင်းမျိုးသန့် များ မွေးမြူရန် အဆက်အသွယ်မရှိ။ လက်လှမ်းမမီကြပါ။ မွေးမြူရေးတိုးချဲ့မွေးမြူရန် ချေးငွေနှင့် ထုတ်ကုန် များအတွက် ဈေးကွက်ဖွံ့ဖြိုးမှုလည်း မရှိသေးပါ။ ဆေးကုသစရိတ်လည်းမြင့်သည်။ အစာစရိတ်မြင့်သည်။ မိမိ ခြံထွက် တိရိစ္ဆာန်များအား လွတ်လပ်စွာ ရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ ဒေသတွင်း ဈေးကွက်ကိုသာ မှီခိုနေရပြီး ပြင်ပသို့သယ်ယူရောင်းချရာတွင် အကန့်အသတ်များရှိနေသည်။ စည်သွပ်စက်ရုံ ကဲ့သို့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမရှိ။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှုခံရခြင်းတို့ကြောင့် မွေးမြူရေးကဏ္ဍာတိုးတက် လာစေရန်အတွက် လိုအပ်ချက်များ ရှိနေပါသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်သူများရှိသော်လည်း ပုံမှန် အလုပ်အကိုင်နှင့် ဝင်ငွေမရှိကြပါ။ ဝင်ငွေတိုးလုပ်ငန်း များအတွက် အစိုးရစီမံကိန်းနှင့် မူဝါဒအားနည်းသည်။ အသက်မွေးဝမ်းလုပ်ငန်း ကျွမ်းကျင်မှုမရှိ။ သင်တန်း များတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်၊ အဆက်အသွယ်မရှိကြပါ။ ဈေးကွက်နှင့်နီးပြီး လမ်းပန်းဆက်သွယ်မှုအသင့်အတင့်ကောင်းသော်လည်း ဈေးကွက်ချိတ်ဆက်မှု မရှိ။ ပုံမှန်သွားလာသည့် သယ်ယူပို့ဆောင်ရေး ယာဉ်မရှိပါ။ သတင်းအချက်အလက်ရရှိနိုင်မှု အားနည်းသည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့် အဆက်အသွယ် အားနည်းသည်။ လက်သမား၊ ပန်းရံ စသည် လက်ရှိကျွမ်းကျင်မှုများရှိသော်လည်း အရင်းအနှီးနည်းသည်။ ကျွမ်းကျင်မှု စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် အရေးပေါ်ဖြစ်ပါက မိုးဗြဲနှင့်ဒီမောဆိုးသို့ သွားကြရသည်။ သောက်ရေလုံလောက်မှုမရှိ။ ရေထွက်ပေါက်မှ ရေသွယ်ယူရန်နှင့် စက်အဝိစိတွင်းတူးဖော်ရန် အရင်းအနှီးမတတ်နိုင်ကြပါ။ ယင်လုံအိမ်သာကိုလည်း စနစ်တကျသုံးစွဲနိုင်မှုနှင့် ကျန်းမာရေးဆိုင်ရာဗဟုသုတများလည်း အားနည်းနေသေးသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်း ကြပါသည်။ အသက်မွေးအတတ်ပညာလည်းအားနည်းပြီး အလုပ်အကိုင်အခွင့်အလမ်း အားနည်းသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ မိုဘိုင်းဖုန်းဖြင့် အင်တာနက် အသုံးပြုကြသော်လည်း ဆက်သွယ်ရေးလိုင်း သိပ်မကောင်းပါ။ သတင်း၊ မီဒီယာနှင့် ပညာလေ့လာသင်ယူရန် အတွက် အသုံးပြုလေ့မရှိကြသေးပါ။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ဆင်တောင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသော အခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့်

ယင်းပန်းတိုင်ရောက်ရှိရေး အကောအထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်း စွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

၁။ လယ်ယာသီးနှံသားငါးထုတ်လုပ်မှု တိုးတက်ထုတ်လုပ်လာ၍ မိသားစုဝင်ငွေတိုးလာစေရမည်။

၂။ ကျေးရွာအခြေပြုအသက်မွေးလုပ်ငန်းများ ဖော်ထုတ်လုပ်ကိုင်လာပြီး ကျေးရွာစီးပွားရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာစေရမည်။

၃။ ပိုမိုပြည့်စုံသော ပညာရေးတတ်မြောက်မှု၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ရလာပြီး၊ လူမှုဘဝ မြင့်မားလာစေရမည်။

၄။ ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးရွာသူသားများ လူနေမှုဘဝ မြင့် တက် လာစေရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြ၍ စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်လာစေရန် စိုက်ပျိုးရေး နည်းပညာများ ချိတ်ဆက်ရယူရန် စိုက်ပျိုးရေးဌာန၊ အခြားပုဂ္ဂလိကကုမ္ပဏီများ ချိတ်ဆက်ခြင်း၊ လယ်ယာသုံးကိရိယာများပြည့်စုံရန် ကုမ္ပဏီများ ချိတ်ဆက်လုပ်ဆောင်ခြင်း၊ စိုက်ပျိုးရေ လုံလောက်စွာရရန် ရေမြောင်းများ ပြုပြင်မွမ်းမံခြင်းများကို ဆည်မြောင်းဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းများ လုပ်ဆောင်ရမည်။ သားငါးတိုးတက်ထုတ်လုပ်ရန် မွေးမြူရေး အသိပညာ၊ ဗဟုသုတများ ချိတ်ဆက်ရယူခြင်း၊ ဥစားကြက် စီပီဂက်များ စမ်းသပ်မွေးမြူခြင်း၊ ငါးကန်များ တိုးချဲ့လုပ်ကိုင်ခြင်း၊ ကာကွယ်၊ ကုသဆေးများ ပုံမှန်ထိုးနှံနိုင်ရန် ချိတ်ဆက်ခြင်းများ လုပ်ဆောင်သွားပါမည်။

(၂) ကျေးရွာအခြေပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် နှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ (ဥပမာ၊ အိမ်တွင်းစက်မှုလက်မှု

လုပ်ငန်း)ကို ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရန် ချိတ်ဆက်ခြင်းများ လုပ်ဆောင်သွားမည်။

(၃) လက်ရှိလိုအပ်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် အရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အရင်းအတိုးကို မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။ ရရှိလာသော အတိုး၏ ၂၅%ကို ကျေးရွာအခြေခံအဆောက် အဦးများ အသစ်ဆောက်လုပ်ခြင်း၊ အဟောင်းပြန်လည်ပြုပြင်ခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို လုပ်ဆောင်ကြ မည်။

(၄) ကလေးငယ်များ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလယ်တန်းကျောင်း ဆောက်လုပ်ခြင်း၊ သောက်သုံးရေအတွက် ကျောင်းတွင်း အဝီစိတွင်းတူးဖော်ခြင်း၊ ကျောင်းခြံစည်းရိုးပြုလုပ်ခြင်းများ ပြုလုပ်နိုင်ရန် ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိက အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။ ကျန်းမာရေးအတွက် ဆေးပေးခန်းစည်းရိုးကာရံခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်ခြင်း၊ အခြေခံကျန်းမာရေးလုပ်သား၊ အရံသား ဖွားသင်တန်းများကို ကျန်းမာရေးဌာန၊ အခြားအန်ဂျီအိုအဖွဲ့များနှင့် ချိတ်ဆက်လုပ်ဆောင်ရမည်။ သောက်သုံးရေ လုံလောက်မှုအတွက် ရေထွက်ပေါက်မှ ရေသွယ်တန်းခြင်းအတွက် ကျေးလက်၊စည်ပင် ဌာနများ နှင့် ချိတ်ဆက်လုပ်ဆောင်သွားမည်။

(၅) ကျေးရွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊ အသက်မွေးဝမ်းပညာများ ကျွမ်းကျင်တတ်မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေရန် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲ၍ အတတ်ပညာရှင်များ မွေး ထုတ်ရန်လိုအပ်သည်။ ထိုသို့ ကျွမ်းကျင်သူများ မွေးထုတ်ရန် အရင်းအနှီးကုန်ကျမှု မတတ်နိုင်ခြင်း၊ အဆက်အသွယ်အားနည်းခြင်းတို့ကြောင့် အသက်မွေးမှု သင်တန်းများ သင်ကြားရန် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိက အဖွဲ့များနှင့် ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်သူ (၁၅) ဦးကို မွေးထုတ်ပေး မည်ဖြစ်သည်။

(၆) လူနေမှုဘဝများမြင့်မားလာစေရန် ကျေးရွာတွင်းလမ်းပြုပြင်ခြင်း၊ ကုန်ထုတ်လမ်း၊ ရွာချင်းဆက်လမ်း၊ တံတားများတည်ဆောက်ခြင်းများကို ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း၊ ကျေးရွာကို စည်းရုံးလှုံ့ဆော်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းနိုင်ရန် မီးလင်းရေးကော်မတီဖွဲ့စည်းခြင်း၊ မတည်ရံပုံငွေကောက်ခံခြင်း၊ ကျေးလက် ဖွံ့ဖြိုးရေးဘဏ်နှင့်ချိတ်ဆက်ခြင်း၊ ကျေးလက်၊ အီးဝီးစီချိတ်ဆက်၍ ငွေကြေး၊ နည်းပညာများ ရယူရပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့် မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေး စီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ငံရိုးကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ဆင်တောင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်မွေးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်

ခြင်းပင် ဖြစ်သည်။ ကျေးရွာ၏ စိုက်ပျိုး၊မွေးမြူရေး ကုန်ကြမ်းများထွက်ရှိသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောစျေးနှုန်းဖြင့် ရောင်းချနိုင်ရန် စျေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ အထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဌနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများ ကလည်း အရေးပါလှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ပေး ခြင်းဖြင့် စည်သွပ်စက်ရုံများ တည်ထောင်ခြင်းဖြင့် ထွက်ကုန်များကိုတန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်း များ ဖန်တီးပေး ခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်တိုးတက် လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်းတစ်နိုင်တစ်ပိုင် အသေးစား လုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများများပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များ အဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်း မှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါ သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါ သည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူ ရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (၁၁) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ဆင်တောင်ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များ ကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်း နှင့် ဖော်ပြချက်
အုပ်ချုပ်ရေး ကဏ္ဍ				
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၆၀	၁၀	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း
စိုက်ပျိုးရေး ကဏ္ဍ				
	၂။ စိုက်ပျိုးရေးနည်းပညာများ ချိတ်ဆက်ရယူ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်	၇၀	၈	**စိုက်ပျိုးရေးနည်းပညာများ ချိတ်ဆက်ရယူခြင်း:** • လိမ္မော်သီးစမ်းသပ်စိုက်ပျိုးခြင်း • ငါး-စပါးမွေးမြူရေးစမ်းသပ်ကွက် ပြုလုပ်ခြင်း • ဂျင်း -ကြက်သွန် - အာလူးစိုက်ပျိုးနည်းသင်တန်း များ ချိတ်ဆက်ခြင်း • မျိုးစေ့အရည်အသွေးထိန်းသိမ်းနည်းသင်တန်း • စပါးစိုက်ပျိုးခြင်းနည်းပညာ • ရိတ်သိမ်းချိန်လွန်နည်းပညာ • မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်း • ပိုးသတ်ဆေး-ပေါင်းသတ်ဆေး -ဓာတ်မြေဩဇာသုံးစွဲနည်းသင်တန်း **လယ်ယာသုံးစက်ကိရိယာများ ပြည့်စုံရန် ကုမ္ပဏီများနှင့်ချိတ်ဆက်ခြင်း:** **စိုက်ပျိုးရေအတွက် ရေမြောင်းများ ပြုပြင်ခြင်း:** **ဆည်မြောင်းဌာန၊ ကျေးလက်ချိတ်ဆက်ခြင်း:**

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်း နှင့် ဖော်ပြချက်
တိရိစ္ဆာန် မွေးမြူရေး				
	၃။ မွေးမြူရေးအသိပညာဗဟုသုတများ လက်လှမ်းမီ၍ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာစေရန်	၆၄	၉	• အခြေခံမွေးမြူရေးလုပ်သားသင်တန်း (ငါး-ကြက်- ဝက် -ငါးစပါး)များ ချိတ်ဆက်ခြင်း • ဥစားကြက် - စီပီ ဝက် များ စမ်းသပ်မွေးမြူခြင်း • မွေးမြူရေး (နွား -ဒေသ ဝက် ကြက်) များ တိုးချဲ့မွေးမြူခြင်း • ငါးကန်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း
အခြား ဝင်ငွေရ လုပ်ငန်းများ				
	၄။ အခြေခံကျွမ်းကျင်သက်မွေးသင်တန်းများ ရယူ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရန်	၉၉	၂	**ကျွမ်းကျင်သင်တန်းများ ချိတ်ဆက်ခြင်း (ကျေးလက်၊ အိမ်တွင်းစက်မှုလက်မှု)** • အင်္ဂလိပ်စာ-ကွန်ပျူတာသင်တန်း • ဝပ်ရှော့စက်ပြင်သင်တန်း • ဂီတ- အနုပညာသင်တန်း (ရိုးရာ -ခေတ်အက) • အိမ်တွင်းမှုစက်ချုပ်သင်တန်း • ခေါက်ဆွဲပြုလုပ်နည်းသင်တန်း (ဆန် - ဂျုံ) • ရေခဲမုန့် -ဂျယ်လီ ဖျော်ရည်သစ်သီးပြုလုပ်ခြင်း • ဆံပင်ညှပ်သင်တန်း • ဆွယ်တာထိုးသင်တန်း • မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း • လက်သမား-ပန်းရံသင်တန်း **ဝင်ငွေရလုပ်ငန်းများထူထောင်ခြင်း၊အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း။** **သယ်ယူပို့ဆောင်ရေး တက္ကစီ -ထွေလာဂျီလုပ်ငန်းများ လုပ်ဆောင်ခြင်း။**

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်း နှင့် ဖော်ပြချက်
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း				
ချေးငွေ	၅။ ကျေးရွာအခြေပြုချေးငွေအစီအစဉ်များ ထူထောင်၍ ချေးငွေရနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်	၇၇	၇	• အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ ထုတ်ချေးပေးနိုင်မည့် ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း • ကျေးရွာရံပုံငွေကြေးအရင်းအနှီးထူထောင်ခြင်း • ချေးငွေအဖွဲ့အစည်းကို စွမ်းရည်မြှင့်သင်တန်းများ ပံ့ပိုးခြင်း
ပညာရေး				
ပညာရေး ဖွံ့ဖြိုးရေး	၆။ ကျေးရွာနေလူငယ်များ ပျော်ရွှင်ကောင်းသော ပညာရေးပတ်ဝန်းကျင်ကောင်းများ ရလာစေရန်	၁၀၀	၁	• အလယ်တန်းစာသင်ကျောင်းဆောက်လုပ်ခြင်း • စာသင်ကျောင်းသောက်သုံးရေ (အဝီစိတွင်း) တူးဖော်ခြင်း • ခြံစည်းရိုး (ကျောင်း၊ မူကြို)ပြုလုပ်ခြင်း • ပညာရေးဌာနများနှင့် ချိတ်ဆက်ခြင်း
ကျန်းမာရေး				
ကျန်းမာရေး သောက်သုံးရေ	၇။ ပိုမိုပြည့်စုံသော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရန် နှင့် တစ်နှစ်ပတ်လုံး သောက်သုံးရေ လုံလောက်ရန်	၇၉	၆	• ရေထွက်ပေါက်မှရေသွယ်တန်းခြင်း (၂ ဖာလုံ) • ကျေးလက်ဌာနနှင့် ချိတ်ဆက်ခြင်း • ယင်လုံအိမ်သာဆောက်လုပ်ခြင်း(ရွာ + ကျောင်း) • ကျန်းမာရေးလုပ်သား၊ အရံသားဖွားသင်တန်းများ ချိတ်ဆက်ခြင်း
လမ်းပန်း ဆက်သွယ်ရေး				
လမ်း၊ တံတား	၈။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်	၈၀	၅	• ကုန်ထုတ်တံတား (၃ စင်း)တည်ဆောက်ခြင်း • ကုန်ထုတ်လမ်း (၁မိုင် - ၂ ဖာလုံ) ရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း • ရွာတွင်းလမ်းပြုပြင်ခြင်း • ကျေးလက်၊ စည်ပင်ဌာနများနှင့် ချိတ်ဆက်ခြင်း

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်း နှင့် ဖော်ပြချက်
<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>				
	၉။ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်	၈၂	၃	• လူငယ်ဂိတ -အနုပညာသင်တန်း (ခေတ်ပေါ်-ရိုးရာ-ဆို က ရေး တီး) ဖန်တီးပေးခြင်း • လူငယ်ရိုပ်သာဆောက်လုပ်ခြင်း • အားကစားပစ္စည်းအစုံ (ဘော်လီဘော-ဘောလုံး-ခြင်းလုံး-ပိုက်ကျော်-ကြက်တောင်) ချိတ်ဆက်ခြင်း • ကွန်ပျူတာ၊ အင်္ဂလိပ်စာသင်တန်းချိတ်ဆက်ခြင်း
လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး				
လျှပ်စစ်မီး	၁၀။ ကျေးရွာလျှပ်စစ်မီးလင်းလာစေရန်	၈၂	၄	• လျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်းခြင်း • မတည်ရုံပုံငွေတည်ထောင်ခြင်း • ကျေးလက်၊ မြန်မာ့လျှပ်စစ်လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း • ကျေးရွာလူထုစည်းရုံးလှုံ့ဆော်ခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော် ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ					မှတ် ချက်
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၁	ကျေးရွာနေလူငယ်များ ပျော်ရွှင်ကောင်းသော ပညာရေးပတ်ဝန်းကျင်ကောင်းများ ရလာစေရန်	၁	√					
၂	အခြေခံကျွမ်းကျင်သက်မွေးသင်တန်းများ ရယူ၍ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာစေရန်	၂	√					
၃	လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်	၃	√	√				
၄	ကျေးရွာလျှပ်စစ်မီးလင်းလာစေရန်	၄	√					
၅	လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်	၅	√	√	√			
၆	ပိုမိုပြည့်စုံသော အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ လက်လှမ်းမီရန် နှင့် တစ်နှစ်ပတ်လုံး သောက်သုံးရေ လုံလောက်ရန်	၆		√				
၇	ကျေးရွာအခြေပြုချေးငွေအစီအစဉ်များ ထူထောင်၍ ချေးငွေရနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်	၇	√	√				
၈	စိုက်ပျိုးရေးနည်းပညာများ ချိတ်ဆက်ရယူ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်	၈		√				
၉	မွေးမြူရေးအသိပညာဗဟုသုတများလက်လှမ်းမီ၍တစ်နိုင်တစ်ပိုင် မွေးမြူ ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာစေရန်	၉		√				

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ					မှတ်ချက်
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၁၀	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၁၀	√	√				

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ် ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း			
			သာမန် အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်း စာနာမှု အထောက် အပံ့
				ငွေလုံးငွေ ရင်း ရင်းနှီး မြှုပ်နှံမှု	စွမ်းဆောင် ရည်မြှင့် တင်ရေး	
၁	ကျေးရွာနေလူငယ်များ ပျော်ရွှင် ကောင်းသော ပညာရေးပတ်ဝန်း ကျင်ကောင်းများ ရလာစေရန်			√		
၂	အခြေခံကျွမ်းကျင်သက်မွေးသင်တန်း များ ရယူ၍ အလုပ်အကိုင် အခွင့် အလမ်းများ ပေါများလာစေရန်				√	
၃	လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်				√	
၄	ကျေးရွာလျှပ်စစ်မီးလင်းလာစေရန်			√		
၅	လမ်းပန်းဆက်သွယ်ရေးကောင်းမွန် လာစေရန်			√		
၆	ပိုမိုပြည့်စုံသော အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ လက်လှမ်းမီရန် နှင့် တစ်နှစ်ပတ်လုံး သောက်သုံးရေ လုံလောက်ရန်			√		
၇	ကျေးရွာအခြေပြုချေးငွေအစီအစဉ် များ ထူထောင်၍ ချေးငွေရနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်				√	
၈	စိုက်ပျိုးရေးနည်းပညာများချိတ်ဆက် ရယူ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက် လာစေရန်				√	
၉	မွေးမြူရေးအသိပညာဗဟုသုတများ လက်လှမ်းမီ၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ လုပ် ကိုင်လာစေရန်				√	
၁၀	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး				√	
	စုစုပေါင်း			၄	၆	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင် မြင် ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေး နှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ မူလတန်း ကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူ အညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ဆင်တောင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ

တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများ ထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ဆင်တောင်ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၂	၁	၃	၀.၅%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၃	၂၀	၄၃	၆.၉%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၅	၂၀	၄၅	၇.၃%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၃၂	၄၀	၇၂	၁၁.၆%	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၂၂၄	၂၁၂	၄၃၆	၇၀.၃%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၉	၁၂	၂၁	၃.၄%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၃၁၅**	**၃၀၅**	**၆၂၀**	**၁၀၀%**	
အိမ်ထောင်စုပေါင်း				**၁၅၂**	
တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ				**၄.၀၇**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ လက်ရှိအမှန်တကယ် နေထိုင်သူ လူဦးရေစာရင်းအတိအကျကို တစ်အိမ်ချင်း ကောက်ယူထားသည်။ ရှမ်းနှင့် ပအို့ လူမျိုးများနေထိုင်သည်။ အိမ်ထောင်စုပေါင်း (၁၅၂)အိမ်ရှိပြီး ၁၃-၁၅.၈.၂၀၁၅ နေ့အထိ သာအတည်ဖြစ်ပါသည်။

၂။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း အိမ်နှင့် လူဦးရေပေါင်း (၆၂၀) ဦး (ကျား ၃၁၅+ မ ၃၀၅) ဦး ရှိသည်။ တစ်အိမ်ထောင် ပျမ်းမျှ (၄.၀၇) ဖြစ်ပြီး မိသားစု ပျမ်းမျှလူဦးရေ များသည်ကို တွေ့ရပါသည်။

၃။ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ ၄၃၆ ဦး (၇၀.၃%) ရှိသည်။ အမျိုးသား အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာလည်း အမျိုးသမီးလူဦးရေထက် ၁၂ ဦး (၂.၈%) ပိုများသည်ကို တွေ့ရသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) **ဆင်တောင်ကျေးရွာ၏ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၄	၆၈.၄		စိုက်-မွေး အခြား ပူးတွဲလုပ်ကိုင်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၂၀	၁၃.၂	၂၈	မြေယာမရှိ -အငှားလိုက်သည်။
၂	***တိရိစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၃	၂	၆၀	စိုက်မွေးပူးတွဲလုပ်-မွေးမြူရေး သီးသန့် - ၃ အိမ်ရှိသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၇		စိုက်ပျိုးရေးပူးတွဲလုပ်သည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၉	၅.၉		လက်သမား-၅ ၊ ပန်းရံ -၄
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၉.၉		အိမ်ဆိုင်-၃၊ဈေးဆိုင် -၂ ၊ ဈေးရောင်း (မိုးမြဲ)-၁၀
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊			၁၁	အစိုးရဝန်ထမ်း
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁၆	*ပညာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၇	*ကျန်းမာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၈	*လူမှုရေး လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊			၁၀၀	ရွာနှင့် ရွာပြင်ပအလုပ်လုပ်
	ရာသီအလိုက် အလုပ်သမား				ကောက်စိုက် -သစ်ဆွဲ
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	**၁၅၂**	**၁၀၀%**	**၁၉၉**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ လယ်သမား (၁၀၄) ဦး ရှိပြီး ၆၃ အိမ်ထောင်စုမှာ စိုက်ပျိုးရေး နှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်သည်။

၂။ မွေးမြူရေးကို သီးသန့် လုပ်ကိုင်သူ (၃) ဦးသာ ရှိပြီး မြေယာမဲ့အိမ်ထောင်စုများဖြစ်သည်။

၃။ လက်လီဈေးသည်များမှာ (၁၅) အိမ်ရှိပြီး အိမ်ဆိုင်အသေးနှင့် မိုးပြဲသို့ သွားရောက်ဈေးရောင်းသူများဖြစ် သည်။

၄။ အများစုမှာ တောင်သူများဖြစ်သော်လည်း လက်သမား၊ ပန်းရံ၊အစိုးရဝန်ထမ်း၊ ကျပန်း၊ ရာသီအလိုက် ရွှေ့ပြောင်းလုပ်သား စသဖြင့် လုပ်ငန်းမျိုးစုံကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့်လည်း အသက်မွေးကြရသည်။

၅။ ကျေးရွာတွင်မြေယာမဲ့ကျပန်းသမားဦးရေ ၄၈ အိမ် (၃၁.၆%) ရှိပြီး ကျပန်းနှင့် မွေးမြူရေးကို အဓိက လုပ်ကိုင်ကြသည်။ ရာသီအလိုက် ရွှေ့ပြောင်းလုပ်သားအလုပ်ကိုလည်း ကြုံသလို လုပ်ကိုင်ကြရသည်။

၆။ အထက်ပါဇယားတွင် လုပ်သားအင်အားစုစုပေါင်းမှာ ၃၅၁ ဖြစ်ပြီး အိမ်ထောင်စုအရေအတွက် ထက် ပိုများနေရခြင်းမှာ အလုပ်အကိုင်လုပ်ကိုင်နိုင်သည့် အရွယ်အားလုံးနီးပါး မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရသောကြောင့် ဖြစ်သည်။

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၃၀၂.၁	သင့်	ရ	ဆင်တောင်ဆည် - ဧက-၁၇၀၀
ယာမြေ	၉၈.၅	သင့်	မရ	မိုးကောင်းသောက်
ဥယျာဉ်ခြံမြေ	၅	သင့်	မရ	မိုးကောင်းသောက်
အိမ်ခြံဝင်းစိုက်ခင်း	-			
ရွှေ့ပြောင်းတောင်ယာ	-			
ကိုင်း/ကျွန်းမြေ	-			
စားကျက်မြေ	-			
ပလပ်မြေ	-			
သစ်တောမြေ	၃၆	ကောင်း	မရ	မိုးရေ
အခြား	-			
စုစုပေါင်း	**၄၃၆.၆**			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် လယ်မြေကိုသာအဓိကထားစိုက်ပျိုးကြပြီး ယာမြေမှာ အထွက်နုန်းကျခြင်းနှင့် လုပ်သား ရှား သော ကြောင့် သီးနှံစိုက်ပျိုးမှုနည်းလာသည်။ လက်ရှိမြေဧကထက် ထပ်မံတိုးချဲ့၍ မရနိုင်ပါ။ သစ်တောမြေ ၃၆ ဧက တွင် ရေထိန်းတော ၆ ဧက ပါဝင်ပါသည်။

၂။ လယ်မှာ ဆင်တောင်ဆည်ရေသောက်ဖြစ်သော်လည်း ယာမြေများအားလုံးတို့သည် မိုးရေသောက်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် ရာသီဥတုကို မှီနေသည်။ လယ် (၃၀၂.၁) ဧက နှင့် ယာမြေ (၉၈.၅) ဧက၊ ဥယျဉ်ခြံမြေ ၅ ဧကရှိသည်။

၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု (ကျောက်၊ သဲ)	အနည်းငယ်	တောင်များမှ လမ်းခင်းကျောက် ရရှိနိုင်သည်။
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	နည်း	ခက်။ ယုန်-ခါ -မြွေ-တောကြောင်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	နည်း	ဆေးဘက်ဝင်ပင်များရှားပါးလာသည်။ နွားစာမှာ တောင်ယာများမှ အသင့် အတင့်ရရှိသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာအနီး ကျောက်တောင်မှ ဂဝံကျောက်များ လွယ်ကူစွာ တူးနိုင်သည်။
၂။ တောတောင်များမှာ သဘာဝသစ်ပင်များလျော့နည်းလာသည်။ ဖမ်းဆီးမှုများကြောင့် တိရိစ္ဆာန်မျိုးစိတ်များ လျော့နည်းလာသည်။ ထင်းအတွက်သစ်ခုတ်မှုများရှိပြီး သဘာဝဆေးဘက်ဝင်ပင်များ လျော့နည်းလာသည်။
၃။ ရွာပတ်လည်တောင်မှ ငှက်မျိုးစုံ၊ ယုန်၊ တောကြောင်၊ ခါ ၊ ငုံး၊ တောကြက်၊ ချိုး၊ ကြက်တူရွေး၊ ခို၊ မျောက်၊ မျစ်၊ ဝါးနှင့် ဆေးဖက်ဝင်အပင်များ၊ ဟင်းသီး/ရွက်များရှိသော်လည်း ရှားပါးလာသည်။ တိရိစ္ဆာန်များ ရှားပါးလာသည်။ လက်လှမ်းမီနိုင်မှု တဖြည်းဖြည်း ခက်လာသည်။

၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ် (၁၀ -၄) ယာ (၃- ၂)	လယ် (၃-၂) ယာ -၁	လယ် (၁- ၀.၅) ယာ - ၀.၅	မရှိ
အိမ်အခြေအနေ	သွပ်မိုး အုတ်ကာခင်း၊ နှစ်ထပ်	သွပ်မိုး၊ပျဉ်ကာခင်း နှစ်ထပ်	သွပ်မိုး -ထရံကာ -ဝါးခင်း -၁ထပ်	သကယ်မိုး - ဝါးကာ-ခင်း - ၁ထပ်

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	လက်တွန်းထွန်စက် -၁ မြက်ရိတ်စက် -၁ ပေါက်ပြား ၊ ပေါက်ချွန်း၊ တဇင်	ထွန်၊ မြက်ဖြတ်စက် -၁ ၊ပေါက်ပြား ၊ ပေါက်ချွန်း ၊တဇင်၊ ဓား ၊ လက်သမား ပစ္စည်း	ပေါက်ပြား - ပေါက်ချွန်း - တဇင်-ဓား- လက်သမား ပစ္စည်း	ပေါက် ပြား - ပေါက်ချွန်း - တဇင်း- ဓား
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	နွား-၅ ၊ကြက် -၁၅-ကျွဲ -၁၀	နွား-၂ ၊ ကျွဲ-၅ ကြက် -၁၅၊ငါး - ၃၀၀၀ မွေး	၀က် -၂ -၁ ကြက် -၁၀	ကြက်-၃
အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ	(၃၀-၁၀)သိန်း	(၁၀ - ၅) သိန်း	၅ သိန်းအောက်	ပုံမှန်၀င်ငွေမရှိ
အခြားပိုင်ဆိုင်မှု	IPM “ TV -ဒီဗွီဒီ ၊ဆိုင်ကယ်-၂ ၊ရေဒီယို -၂ ၊ ဆိုလာကြီး -ဖုန်း-၂	IPM “ ခေါက် TV ၊ဆိုင်ကယ်-၁ ၊ရေဒီယို - ၊ ဖုန်း -၁ ၊ဆိုလာသေး	ခေါက် TV ၊ဆိုင်ကယ်-၁ ၊ရေဒီယို - ၊ ဖုန်း -၁ ၊ဆိုလာသေး	ဆိုလာသေး-စက်ဘီး-၁
အိမ်ထောင်စုပေါင်း ၁၅၂	**၁၅ အိမ် (၉.၉%)**	**၂၂ အိမ် (၁၄.၅%)**	**၄၃ အိမ် (၂၈.၃%)**	**၇၂ အိမ် (၄၇.၄%)**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာ၏ အခြေအနေကို လေ့လာသုံးသပ်ပြီး ကျေးရွာလူထုမှ ပိုင်ဆိုင်မှု၊ လုပ်ငန်း၊ ဝင်ငွေ၊ နေထိုင်စားသောက်မှု၊ ဝန်းစာဖူလုံမှု၊ အကြွေးတင်မှုတို့အပေါ် အခြေခံ၍ သတ်မှတ်ခွဲခြားထားခြင်း ဖြစ်သည်။

၂။ ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆုံးဖြတ်သော ဓနဥစ္စာအဆင့်အနေအထားအရ ဆင်းရဲနှင့် ဆင်းရဲဆုံးအိမ်ထောင်စုမှာ စုစုပေါင်း (၁၁၅) အိမ် (၇၅.၇%) ရှိပြီး အများစုမှာ ဆင်းရဲသားများ ဖြစ်ကြသည်။ ကျန် ၃၇ အိမ် (၂၄.၃%) မှာ အဆင်ပြေနှင့် အလယ်အလတ် တန်းစားမိသားစုများ ဖြစ်သည်။

၃။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ အရေးပါသည်ကို တွေ့ရသည်။

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၇၀	၄၆.၁ %	နေ့စားလုပ်အားခဖြင့်ဆန်ဝယ်စားကြရသည်။ လုပ်အား ကြိုရောင်းပြီး ကျန်လ အကြွေးယူစားကြရသည်။
၃ လ နှင့် ၅ လ အထိ	၄၅	၂၉.၆%	သီးနှံရောင်းချ ဆန်ဝယ်စားကြသည်။ လုပ်အားခဖြင့် ဝယ် စားကြရသည်။
၆လမှ၁၂လအထိ	၃၇	၂၄.၃%	စပါးသိုလှောင်ပြီး လိုအပ်ပါက ဝယ်ယူသိုလှောင်သည်။ (အဆင့် ၁ + ၂) များဖြစ်ကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ထိုင်းသို့ သွားရောက်သူ အိမ်ခြေ (၇၀) ခန့်မှာ အကြွေးဖြင့် အလုပ်သွားလုပ်ကာ ပြန်ဆပ်ရမှုကြောင့် နေ့စားအလုပ်လုပ်၍ ဝမ်းစားဖူလုံရန်အတွက် ဖြေရှင်းကြသည်။ ကျန်တောင်သူငယ်များမှာ သီးနှံရောင်းချ၍ ဆန်ဝယ် ကာဝမ်းစာရေးအတွက်ဖြေရှင်းကြသည်။ အဆင့် ၁ နှင့် ၂ တို့မှာ ဝမ်းစာဖူလုံမှုရှိကြပါသည်။

၂။ တစ်နှစ်စာ ဝမ်းစာဖူလုံသူ (၃၇) အိမ်သာရှိသည်။ ကျန် (၁၁၅) ဦးမှာ မြေယာပိုင်ဆိုင်မှုနည်းပြီး နေ့စား၊ အငှါး လုပ်အားခ ရငွေဖြင့် နေ့စဉ်၊ အပါတ်စဉ် ဝယ်ယူစားသုံးကြသည်။ အခက်အခဲရှိပါက လုပ်အားခ ကြိုရောင်းပြီး ဖြေရှင်းကြသည်။

၂၃။ ၃ လအောက် ဝမ်းစာဖူလုံသူများမှာ ကျပန်းသမားမြေယာမဲ့နှင့် တောင်သူငယ်များဖြစ်သည်။ ကျေးရွာမိသားစု၏ ၇၀ အိမ်ထောင်စု ၄၆.၁% မှာ ကျန်လအကြွေးယူ လုပ်အား ခကြိုတင် ရောင်းချခြင်းဖြင့် ပြန်ဆပ်ကြ၊ ဖြေရှင်းကြသည်။ နေ့စားလုပ်အားခဖြင့်ဝယ်စားကြပြီး တရက်စာ စားသောက်ကြသည်။ နပ်မှန်အောင် စားသုံးကြပြီး ထမင်းကိုသာ လျှော့စားကြသည်။ လုပ်ခဖြင့် ရသလောက် ဝယ်ပြီး မျှစားကြသည်။ လုပ်အားကို ကြိုရောင်းပြီး ဆန်ဖြင့် လဲလှယ် စားသုံးကြသည်။

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၁	-	၁
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	-	၂	၂

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား မ ပေါင်း
		အိမ်ထောင်စုအရေအတွက်
အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	၁၀
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	၁၀
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြောမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ	၇၀ အိမ်ခန့် (၂၀၀ ဦး) ထိုင်းသို့ အလုပ်သွား လုပ်ကြရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ အသက် ၈၀ ကျော်အဖိုးအိုတစ်ဦးရှိပြီး သားသမီးများမှာ ထိုင်းသို့အလုပ်သွားလုပ်ကြသည်။ ကိုယ်တိုင်လုပ်ကိုင်စားရပြီး အလုပ်မရှိက ပိုင်ဆိုင်သောပစ္စည်းများ ရောင်းစားရသည်။ မသန်စွမ်း အမျိုးသမီး ကိုယ်တပိုင်းသေ -၂ ဦး သားသမီး ၁ဦးရှိသည်။ နေ့စားလုပ်ကိုင်ကြရသည်။

၂။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၁၆ ဦး တွင် ၁၀ ဦးမှာ မိသားစုများ ၀မ်းစာမဖူလုံကြပါ။ မိသားစု အခက်အခဲကြောင့် ငွေတိုးချေးပြီး ထိုင်းသို့သွားရောက်လုပ်ကိုင်သူ အိမ်ခြေ ၇၀ ခန့်ရှိသည်။

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
စီးပွားရေး			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	အလုပ်ရှား-၀င်ငွေနည်းသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်	မြေထပ်မံတိုးချဲ့မရနိုင်ပါ။
ကျန်းမာရေး			
၃	ဌက်ဖျားရောဂါ	နိမ့်	-
၄	တီဘီရောဂါ	နိမ့်	-
၅	ကိုယ်ခံအားကျဆင်းမှု ရောဂါ	မရှိ	ပြည်ပသွားသူများမှကူးစက်နိုင်
လူမှုရေး			
၆	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	မရှိ	-
၇	လူကုန်ကူးခြင်း	မရှိ	-
၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	မရှိ	ကျောက်ခင်းလမ်း - ရာသီမရွေးသွားလာနိုင်
ပတ်၀န်းကျင်နှင့် သဘာ၀ဘေးအန္တရာယ်			
၉	ရေကြီးခြင်း	လတ်	လယ်စပါးခင်းများ ရေကြီးသည်။
၁၀	မိုးခေါင်ခြင်း	လတ်	ရာသီဥတုမမှန်စိုက်ချိန်နောက်ကျသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၁	မုန်တိုင်း	မရှိ	-
၁၂	ငလျင်	မရှိ	-
၁၃	မီးဘေး	နိမ့်	ပွင့်လင်းရာသီတွင် ဖြစ်တတ်သည်။
၁၄	ဆားငံရေဝင်မြေ	မရှိ	
၁၅	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်း မှု	မြင့်	မြေဩဇာများများသုံးရသည်။ ထွက်နှုန်းလျော့သည်။
၁၆	သစ်တောပြုန်းတီးခြင်း	မြင့်	ထင်း-သစ်-ဝါးရှားလာသည်။
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ဝမ်းစာမဖူလုံခြင်း၊ သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) မိုးခေါင်ခြင်း၊ မြေဆီလွှာ ပျက်စီး ခြင်း နှင့်သစ်တောပြုန်းတီးခြင်းတို့သည် ထိ ခိုက်လွယ်မှု မြင့်သည်။

၂။ စိုက်ပျိုးရေ မလုံလောက်ခြင်း၊ စိုက်ပျိုးမြေနည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းသဖြင့် ဝမ်းစာဖူလုံမှု မရှိကြပါ။

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	လယ်ယာနေ့စားတခုတည်းကိုမှီခိုရ၍ ဝမ်းစာ ဖူလုံ မှုမရှိ။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	ဝင်ငွေပုံမှန်မရှိ၍ ဝမ်းစာဖူလုံမှုမရှိ။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မရှိ	-
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသ/ ကူးစက်ရောဂါ ထူပြောသောဒေသတို့တွင် နေထိုင်သူများ	မရှိ	-
၅	မြစ်ကမ်းဘေးနေလူထု	လတ်	ဆိုင်ကယ်တိုက်မှု (ထိခိုက် -ကျိုးပဲ့)
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	မရှိ	-
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	မရှိ	-
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	ငါးကန် - ၁ ဦး
၉	ငါးကန်ပိုင်ရှင်	မြင့်	ပုံမှန်ဝင်ငွေမရှိ
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မရှိ	
၁၁	လူနည်းစုလူမျိုးများ	မရှိ	

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေသူများ	မရှိ	
၁၃	နယ်စပ်ဒေသတွင်နေသူများ	မရှိ	
၁၄	ရွှေတွင်းလုပ်သား	မရှိ	
၁၅	ဆေးစွဲသူများ	မရှိ	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	လတ်	တဆင့်ခံပြန်ရောင်းရသဖြင့် အမြတ်နည်းသည်။
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်	ပြည်တွင်း ရွှေပြောင်းလုပ်သား ၁၀၀ ခန့် + ထိုင်းသို့ အလုပ် သွားလုပ်သူ ၂၀၀ ခန့်ရှိသည်။ ကျေးရွာတွင် လုပ်သားရှားသည်။
၁၈	ရွှေပြောင်းလုပ်သားများ	မြင့်	လယ်ယာနေ့စားတခုတည်းကို မှီခိုရ၍ ဝမ်းစာမဖူလုံ
၁၉	ကားသမား		
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ပြည်ပ (ထိုင်း) သို့ အလုပ်သွားရောက်လုပ်ကိုင်သူ ၂၀၀ ကျော်ခန့် ရှိပြီး လယ်ယာလုပ်ငန်းတွင် ကျွမ်းကျင်လုပ်သားရှားပါးမှုကြုံရသည်။ သွားရောက်သူများမှာလည်း ငွေတိုးနှင့် ချေးငှားသွားရောက်ပြီး ကျန်ခဲ့သော မိသားစုများမှာ စားဝတ်နေရေး မဖူလုံမှုကြုံတွေ့ရသည်။

၂။ ပညာအရည်အချင်းနည်းပါး၍ အလုပ်မရရှိသော လူငယ်များ၊ ကလေးများ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မြေယာမဲ့လက်လုပ်လက်စားများ၊ ရွှေပြောင်းလုပ်သားများ စားဝတ်နေရေး အဆင်မပြေသူများသည် ထိခိုက်လွယ်ကြသည်။

၃။ လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသားတောင်သူများ၊ ကျပန်းများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများဖြစ်သည်။

၄။ သစ်တောကိစ္စပြဿနာ၊ လူနည်းစုပြဿနာ၊ ဒေသတွင်းပဋိပက္ခပြဿနာ၊ နယ်စပ်မြေနေရာလုမှုပြဿနာ၊ ရွှေပြောင်း သွားရောက်လုပ်ကိုင်ကြရသဖြင့် အန္တရာယ်ရှိမှု အခြေအနေများမြင့်သည်။

၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်

အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသော မူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူ များ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	အုပ်ချုပ်ရေး အဖွဲ့	၂	၁၂	-	၁၂	အထွေထွေအုပ်ချုပ်ရေး	၅	
၂	လူငယ်အဖွဲ့	၂	၃၀	၂၀	၅၀	ကျေးရွာတွင်း သာရေးနာရေးများ	၄	၇
၃	ဆည်မြောင်း အဖွဲ့	၁		-	၁	ဆည်ရေကို စီမံခန့် ခွဲပေး	၄	၇
၄	မီးလင်းရေး	၁/၂	၇	-	၇	မီးလင်းရေးကိစ္စ များဆောင်ရွက်	၄	၇
၅	ကျောင်းအကျိုး တော်ဆောင် အဖွဲ့	၂	၈	-	၈	ကျောင်းပရိဘောဂ များထိန်းသိမ်း ပြုပြင်ပေး	၅	၇
၆	ရပ်မိရပ်ဖအဖွဲ့	၂	၁၀	-	၁၀	ကျေးရွာတွင်သာရေး နာရေးစီမံပေး	၄	၇
၇	ကျန်းမာရေး အဖွဲ့(မိခင်နှင့် ကလေးစောင့် ရှောက်ရေး)	၂	၃	၁	၄	ကျန်းမာရေးနှင့်ဆိုင် သောလုပ်ငန်းများ	၅	၇
၈	မိဘဆရာ အသင်း	၂	၈	-	၈	ပညာရေးဆိုင်ရာ လုပ်ငန်းများ	၄	၇
၉	ဓမ္မစကြာအဖွဲ့	၃	-	၁၆	၁၆	အခါကြီးရက်များ တွင် ဓမ္မစကြာရွတ် ဖတ်	၄	၇
၁၀	ယဉ်ကျေးမှုအဖွဲ့	၃	၁၀	၁၀	၂၀	ရိုးရာအက	၄	၇
၁၁	မူကြိုကော်မတီ	၂	၅	-	၅	မူကြိုကျောင်းနှင့် ပတ်သတ်သောလုပ် ငန်းများဦးဆောင်	၄	၇

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာမှာ ငယ်သော်လည်း အဖွဲ့အစည်းပေါင်း ၁၁ ဖွဲ့ရှိသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းအားလုံးကို ကျေးရွာသူ /သားများ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

၂။ ၎င်းအဖွဲ့ ၁၁ ဖွဲ့အနက် ၈ ဖွဲ့သည် ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသော အဖွဲ့များဖြစ်သဖြင့် ပြင်ပမှ လာရောက်ဖွဲ့ပေးသော အဖွဲ့များထက် ပိုမို တောင့်တင်းပြီး လုပ်ငန်းလည်ပတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဦးဆောင်မှု၊ စည်းရုံးမှု၊ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှု၊ ရေရှည်တည်တံ့ မှု ပိုမို ကောင်း မွန်သည်။

၃။ ကျေးရွာရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကော်မတီဖွဲ့ရာတွင် အမျိုးသမီးနှင့် လူငယ်ပါဝင်ခွင့် အားနည်းနေ သေးပြီး အဖွဲ့များ စုစည်းမှု မရှိပဲသီးခြားစီရပ်တည်နေကြသည်။

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့် အစီအစဉ်
၁	စိုက်ဘဏ်အဖွဲ့	အစိုးရ	စိုက်ပျိုးငွေချေးပေး(လယ်သီးသန့်)
၂	မြို့နယ်ကျေးလက်	အစိုးရ	ကျေးလက်ဒေသ(ကျေးရွာ)ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။

၁။ Care Myanmar နှင့် ဂျပန်အဖွဲ့ မှ ကျေးရွာသို့ဝင်ရောက်ခဲ့သော်လည်း ၂၀၁၃-၁၄ တွင် စီမံကိန်း ရုတ်သိမ်းခဲ့ပြီး ကဲမြန်မာ ယင်လုံအိမ်သာထောက်ပံ့ခြင်းနှင့် ဂျပန်မှ ဆေးခန်းဆောက်ခြင်းတို့ ပြုလုပ်ပေးခဲ့သည် သိရသည်။

၂.၂ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၈	၃၁.၆%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၄၂	၂၇.၆%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၃၅	၂၃%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၂၆	၁၇.၁%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၁	၀.၇%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၁၅၂**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် မြေယာမဲ့နှင့် တောင်သူငယ်များသည် ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုများတွင် ပါဝင်ကြပြီး စိုက်ပျိုးမြေမပိုင်ဆိုင်ကြသဖြင့် ကျပန်း-နေ့စားအဖြစ် လုပ်ကိုင် စားသောက်ကြသည်။ မြေယာပိုင်ဆိုင်မှုများတွင် လယ် + တောင်ယာကို ပေါင်းထားခြင်း ဖြစ်ပါသည်။

၂။ ဥစ္စာအဆင့် ၃ နှင့် ၄ တွင်ရှိသော မိသားစုများမှာမြေယာမဲ့နှင့် ၅ ဧကအောက် တောင်သူငယ်များဖြစ်ပြီး ၆၂ ဦး (၄၀.၈%) ခန့်ရှိသည်။ ၎င်းတို့မှာ လယ်ယာလုပ်ငန်းခွင်တွင်လည်းကောင်း၊ လက်သမား၊ ပန်းရံ ကျပန်းနေ့စားအဖြစ်လည်းကောင်း လုပ်ကိုင် စားသောက်ကြသည်။

၂။ ၉၀ အိမ်ထောင်စု (၁၆.၄%) သာလျှင် လယ်နှင့်ယာကို ၅ ဧကအထက်ပိုင်ဆိုင်လုပ်ကိုင်ကြပြီး ၆ လ အထက် ဝမ်းစာဖူလုံကြ သည်။

၃။ ပြေလည်နှင့် အလယ်အလတ်အဆင့်ရှိသူများသာ လယ်မြေနှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများကို ပိုင်ဆိုင်ပြီး ဝမ်းစာဖူလုံမှုရှိသည်။

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့်ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်	အစိုးရဆင်တောင်ဆည်	၁၇၀၀ - ၃၀၂	ရာသီအလိုက် - နွေရာသီတွင်မရနိုင်။
၂	ဆည်မြောင်း	အစိုးရ	၆၀	ရာသီအလိုက်၊ ရေထွက်ပေါက်ကိုဆည်လုပ်ခြင်း မှရရှိသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ဆင်တောင်ဆည်မှ ရေသောက်ဧက စုစုပေါင်းမှာ ၁၇၀၀ ကျော်ရှိပြီး ကျေးရွာစိုက်ဧက မှာ ၃၀၂ ဧကခန့် ရှိပါသည်။
၂။ မိုးရာသီတွင် ဆည်ရေလုံလောက်စွာရရှိပြီး နွေရာသီတွင် ကွင်းအမှတ်အလိုက်ရေပေးသဖြင့် ၂နှစ်-၃ နှစ် တကြိမ်တွင်သာ နွေစပါးစိုက်လို့ရပါသည်။
၃။ ကျေးရွာ၏ အရှေ့တောင်ဘက် ရေထွက်ပေါက်ရှိရာ နေရာတွင် တမံပိတ်ဆည်မှ ဆည်ရေသည် နွေရာသီတွင် အနည်းငယ်ရရှိနိုင်ပြီး ဆောင်းသီးနံအဖြစ် ကြက်သွန်ဖြူ-နီ တို့ကို ၁၀ ဦးခန့်သာ စိုက်ပျိုးနိုင်သည်။

၂.၂.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး		တင်း	၅၀	၈၀	၆၅	ဇူလိုင်-ဒီဇင်ဘာ	မြင့်	လတ်	လယ်စပါး
ပြောင်းဖူး		ပိသာ	၇၀၀	၁၀၈၀	၉၀၀	၅ လကြာမေ “ အောက်တိုဘာ ၅ လကြာ	မြင့်	လတ်	စီပီ -၈၈၈

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။

၁။ စပါးနှင့် ပြောင်းကို အဓိကစိုက်ပျိုးပြီး ကြက်သွန်ဖြူ၊ နီနှင့် ဆောင်းသီးနှံများကို ရေရရှိသော နေရာတွင်သာ အနည်းငယ်ခန့် စိုက်ပျိုးကြသည်။

၂။ စပါးမျိုးမှာ ရွှေရင်အေး၊ ပုလဲသွယ် တို့ဖြစ်ပြီး ဝင်ငွေ အသင့်အတင့်ရှိပါသည်။ လယ်တွင် တစ်သီးသာစိုက်ပျိုးနိုင်ပြီး နွေရာသီတွင်ရေမရရှိ၍ မစိုက်ကြတော့ပေ။ တနှစ်ပတ်လုံးအတွက် လယ်စပါးစိုက်ပျိုးခြင်း၏ ဝင်ငွေပေါ်တွင် မှီခိုရသည်။

၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်			
ရိတ်သိမ်းစက်			
လက်တွန်းထွန်စက်	၃၂ အိမ် -၃၂	-	စိုက်ပျိုးချိန်တွင် လုံလောက်မှုမရှိ ။ အချိန်မှီမရ။ ပြင်ပကျေးရွာများမှ ငှားရ (၁နာရီ = ၃၀၀၀ ကျပ်)
ခြေလှေစက်	၁အိမ် -၁	-	ပြောင်းချေလှေစက်- စပါးခြေလှေစက်မရှိ။
ရေစုပ်စက်	၉ အိမ်- ၁၀	-	ဆောင်းသီးနှံစိုက်ပျိုးသူများတွင်ရှိသည်။
ခြေနင်းရေတင်စက်			
မျိုးစေ့ချစက်			
မြက်ရိတ်စက်	၇အိမ် -၇	-	လယ်ကန်သင်းများမြက်များရိတ်ရန်အသုံးပြုကြသည်။ တောင်သူကြီးများသာပိုင်ဆိုင်ကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ သြဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ လယ်စပါးစိုက်ပျိုးမှုဧက များသော်လည်း လယ်ယာသုံးစက်ပစည်းများ လုံလောက်မှုမရှိဘဲ ငှားရမ်းသုံးစွဲရသည်။ အချိန်မီငှားရမ်းမရကြပါ။ စပါးခြေလှေစက်များသုံးစွဲခြင်းမရှိပဲ လက်ဖြင့်သာ ခြေလှေကြ၍ အလေအလွင့်များသည်။

၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ သြဇာ)	မရှိ	လယ်-၃၀၀ ဧက ခန့်နှင့် တောင်ယာအနည်းငယ်သာရှိသည်။ ထပ်မံတိုးချဲ့ မရပါ ။ မြေဆီသြဇာ အားနည်းလာသည်။
ရေအရင်းအမြစ်	ရှိ	ဆင်တောင်ဆည်မှ မိုးတွင်းတွင်လုံလောက်စွာရရှိသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	ရွာတွင် ကျွဲ နွားများကို မြေဆွေးရရှိရန်မွေးမြူသည်။
သြဂဲနစ်ပိုးသတ်ဆေး	ရှိ	သဘာဝတောတောင်နှင့် အပင် များမှရရှိနိုင်သည်။ (ကြက်သွန်ဖြူ)
ချေးငွေရရှိမှု	ရှိ	စိုက်ဘဏ်မှ ချေးငွေထုတ်ချေးပေးထားသည်။ (သို့သော်လယ်သမား အနည်းငယ်သာ ချေးငွေယူနိုင်သည်။ ၁၀ ဦး - သိန်း ၈၀ ခန့်သာ ချေး ထားနိုင်သည်။
သွင်းအားစုဈေးကွက်	ရှိ	ကုန်းသာ ကျေးရွာအုပ်စု ၊ မိုးဇြဲနှင့်နှင့် ဒီမောဆိုးတို့မှ ဆေးနှင့် မြေဩ ဝယ်ယူရရှိနိုင်သည်။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ဝန်ဆောင်မှုဈေးကွက်	ရှိ	ဩဘာနှင့် ဖော်ဂပ် ဆေးcompany တို့မှ ဆေးနှင့် မြေဩဇာ အသုံးပြုပုံ ဟောပြောပွဲများ ပြုလုပ်ပေးသည်။ ဆန်စက် နမ့်မခုံတွင် ရှိသည်။
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	ရှိ	ကုန်းသာ ကျေးရွာအုပ်စု၊ မိုးဇွဲနှင့် အရောင်းအဂယ်ပြုလုပ်ကြသည်။ ကျေးရွာသို့လည်း လာရောက်ဂယ်ယူကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် လယ်စပါးကို အဓိကထားစိုက်ပျိုးကြပြီး လယ်ပြီးချိန်တွင် ရေထွက်တောနှင့် နီးသောနေရာ တွင်သာ ပဲပုပ် (၅) ဦးနှင့် ကြက်သွန်နီ/ဖြူ (၁၀) ဦးခန့် သာစိုက်ပျိုးကြသည်။
၂။ ဆင်တောင်ဆည်မှ နွေစပါးစိုက်ရာသီတွင် ကွင်းအမှတ်အလိုက် ရေလွှတ်ပေးသည်။ ၂ နှစ် တစ်ခါခန့်သာ နွေစပါး စိုက်ပျိုးနိုင်ပြီး ရေပေးဝေမှုအစီအစဉ်သည် ဆည်ကော်မတီက ဆုံးဖြတ် ပေးသည်။ ရေပေးဝေသော နှစ်များ တွင် စီးပွားရေးအဆင်ပြေပါသည်။
၃။ ဆောင်းနှင့်နွေပိုင်းသာ (၁၅) ရက်တစ်ခါ ရေပေးဝေနိုင်ပါက စိုက်ပျိုးရေးနှင့် ဂမ်းစာဖူလုံမှု အဆင်ပြေနိုင်သည်ဟု ကျေးရွာကတင်ပြပါသည်။

၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	ဆောင်း-နွေပိုင်းတွင်ဆည်ရေကို နှစ်စဉ်မရသောကြောင့် တစ်သီးစား စိုက်ရ သည်။ တောင်ယာများလုပ်ကိုင်ရန် စိတ်ဂင်စားမှုနည်းပါး လာသည်။
ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု	ရှိ	စိုက်ဘဏ်မှ ချေးထားသူ ၁၀ ဦးခန့်သာရှိသည်။ ချေးငွေ ပြန်ဆပ် ကာလ (၆) လရောက်လျှင် သီးနှံကိုဈေးပေါပေါနှင့် ရောင်းကာ ပြန်ဆပ်ရမှုနှင့် ငွေပမာဏ နည်းပါးသောကြောင့် ချေးယူသူနည်း သည်။
သွင်းအားစုတတ်နိုင်မှု	ရှိ	စရိတ်မတတ်နိုင်၍ သွင်းအားစုအပြည့်အဂမသုံးနိုင်ကြပါ။
ကျွမ်းကျင်လုပ်သားရှားပါး မှု	ရှိ	ထိုင်းသို့ အယောက် ၂၀၀ ခန့် အလုပ်သွားလုပ်ကြသော့ကြောင့် အလုပ်သမား ရှားပါးလာသည်။ ကောက်စိုက်နှင့် နေ့စားသာ လုံလောက်မှု ရှိသည်။
ဆည်မြောင်းရေရရှိမှု	ရှိ	မိုးရာသီတွင် ရေပေါများသည်။ သို့သော် နွေပိုင်းတွင် ရေမရရှိပါ။
မိုးရေမလုံလောက်မှု	မရှိ	မိုးရာသီတွင် ရေပေါများစွာရရှိသည်။
စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်မှု	ရှိ	စိုက်စရိတ်မတတ်နိုင်၍ သွင်းအားစုများ အချိန်မှီမသုံးနိုင်။ အတိုးနှုန်းများ သည်။

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ဖျက်ပိုးနှင့်ရောဂါ	ရှိ	ဖျက်ပိုးရောဂါများ စနစ်တကျကာကွယ် နိမ်နင်းမှုမရှိ၊ ဆစ်ပိုး၊နီတို ဆိုးဝါးစွာ ကျရောက်သည်။
နည်းပညာအကူအညီနှင့် နည်းလမ်းများ	ရှိ	စိုက်ပျိုးရေးဆေး ကုမ္ပဏီ များမှ ဟောပြောပွဲများ ပြုလုပ်သော်လည်း ဆေး၊ မြေဩဇာများ ရောင်းချခြင်း သာလုပ်သည်။ စိုက်ပျိုးရေးနည်းပညာ လုံ လောက်မှုမရှိသေး။
ဈေးကွက်လက်လှမ်းမှီမှု	မရှိ	ကျေးရွာထိ ကုန်သည်များလာရောက်သည်။ ကုန်းသာနှင့် မိုးဗြဲသို့သွားရောင်း နိုင်သည်။
အစိုးရမူဝါဒနှင့် အစီအစဉ်	မရှိ	-

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ဆောင်းနှင့် နွေပိုင်းတွင် ဆည်မှ စိုက်ပျိုးရေလုံလောက်စွာ ရရှိပါက နွေစပါးနှင့် ဆောင်းသီးနှံများစိုက်နိုင်ပြီး ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။

၂။ စိုက်ပျိုးနည်းပညာများအား စနစ်တကျ ကျွမ်းကျင်စွာသိရှိလာပါကလည်း ဖျက်ပိုးရောဂါ ကာကွယ်ထိန်းချုပ်လာနိုင်ပြီး သီးနှံအရည်အသွေးတိုးကာ အထွက်နှုန်းတိုးလာမည်ဖြစ်သည်။

၃။ ပြင်ပမှ ချေးငွေကို ၅ မှ ၁၀ % ထိအတိုးနှုန်းဖြင့် ချေးနေရပြီး သွင်းအားစုအချိန်မှီအသုံးမပြုနိုင်ကြပါ။ လုံလောက်အောင်မသုံးနိုင်သောကြောင့် အထွက်နှုန်းထိခိုက်နိုင်သည်။ ထို့ကြောင့် သက်သာသော အတိုးနှုန်းနှင့် တောင်သူများ ပြန်ဆပ်နိုင်မည့်ကာလ အစီအစဉ်များဖော်ဆောင်ပေးသင့်သည်။

၂.၂.၂ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၁၇အိမ် -၄၈ကောင်	လုပ်ငန်းသုံးရန်နှင့် နွားချေးမြေဆွေးရရန်မွေးမြူကြသည်။
မြင်း		
ကျွဲ	၅အိမ် -၂၂ ကောင်	လုပ်ငန်းသုံးရန်နှင့် မြေဆွေးရရန်မွေးမြူကြသည်။
ဝက်	၈ အိမ် -၁၃ ကောင်	ဆင်းရဲသောအိမ်ထောင်စုများတွင် တပိုင်တနိုင်မွေးကြသည်။
ကြက်	၄၉ အိမ် -၃၇၂ကောင်	ဒေသကြက်ကို တပိုင်တနိုင် အိမ်စားအတွက်မွေးမြူကြသည်။
ဘဲ		
ငါးလုပ်ငန်း		
ငါးကန်		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ မွေးမြူရေးသီးသန့် လုပ်ကိုင်သူမရှိ။ နွားထီးကို ခိုင်းရန်နှင့် နွားမကို သားဖေါက်ရန်မွေးမြူသည်။ ဝက်နှင့် ကြက် ကို ရိုးရာဓလေ့အရ မွေးမြူကြသည်။

၂။ စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး မွေးမြူရေးတိုးတက်မှု အားနည်းသည်။

၃။ နွားကိုပိုမိုမွေးမြူရန် အလားအလာရှိပြီး လယ်ယာလုပ်ငန်းအတွက် မြေဆွေးရရှိရန်အတွက် မွေးမြူရန် စိတ်ဝင်စားကြသည်။ မိသားစုတပိုင်တနိုင်မွေးမြူရန်နှင့် အပိုဝင်ငွေရရှိရန် ဝက်နှင့် ဒေသကြက်မွေးမြူရန် အခွင့်အလမ်းရှိသည်။ ငါးကန်လုပ်ငန်းမှာ ၁ ဦး လုပ်ကိုင်နေပြီး ငွေကြေး မတတ်နိုင်၍ မမွေးနိုင်တော့ပါ။ တိုးချဲ့ ရန် မြေနေရာရှိ ၄င်းနှင့်အတူ စီပီဂက်နှင့် ဥစားကြက် တွဲဖက် မွေးရန် မျှော်လင့်ထားသည်။ လယ်စပါး တွင် ငါးနှင့် တွဲဖက် လုပ်ကိုင်ရန် (ငါး၊စပါးမွေးမြူခြင်း) စမ်းသပ်လုပ်ကိုင်ရန် စိတ်ဝင်စားသည်။

၄။ မွေးမြူရေးသီးသန့်လုပ်ကိုင်သူ ၃ အိမ် (၂%) ခန့်သာရှိပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်သူ ၆၈ အိမ် ၃၉.၅% ရှိသည်။

၅။ မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူလေ့ မရှိကြပါ။ အကြောင်းမှာ ဈေးကွက်အတွက် လွတ်လပ်စွာ ရောင်းချခွင့်လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ်ကျရောက်သောရောဂါများကို ကာကွယ်နိုင်ခြင်း၊ နည်းပညာဝန်ဆောင်မှု မရရှိသောကြောင့် ဖြစ်သည်။

၆။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေးတောင်သူများ ထုတ်လုပ်မှုနည်းပြီး အမြတ်အစွန်းလည်းနည်းသည်။

၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ ရေရရှိမှု	စားကျက်မြေသီးသန့်မရှိ- တောင်ယာများတွင်လွတ်ကျောင်းနိုင်သည်။ ဆည်မြောင်းရေနှင့်ရေထွက်ပေါက်မှရရှိသည်။
တိရိစ္ဆာန်မျိုး	ကျေးရွာ နှင့် အနီးပတ်ဝန်းကျင်တွင်ရရှိသည်။ တခါတရံမိုးဗြဲ နှင့် ဖယ်ခုံထိ နွားမျိုး ကို သွားဝယ်ကြရသည်။
ချေးငွေ	မွေးမြူရေးအတွက် သီးသန့်ချေးငွေမရှိ - တပိုင်တနိုင်မွေးမြူကြသည်။
သွင်းအားစုဈေးကွက်	ကုန်းသာနှင့် မိုးဗြဲသို့ ဝက်စာများသွာဝယ်ကြရသည်။ (ဖွဲနု-ကြမ်း -ဆန်ကွဲ စသည်)
ဝန်ဆောင်မှုဈေးကွက်	ကျေးရွာတွင် တိ-ကု သင်တန်းသားများမရှိ။ ကုန်းသာမှ တိကုနှင့် ချိတ်ဆက်၍ တခါတရံ ကာကွယ်ဆေးများထိုးသည်။
ထုတ်ကုန်ရောင်းဝယ်မှု	ကြက်-ဝက်ကို အိမ်စားနှင့် ပွဲတော် အတွက်သာမွေးမြူကြပြီး နွားများကို နွားချေးရရှိရန် နှင့် ခိုင်းရန်အတွက် အဓိကထားမွေးသည်။ ရွာတွင်း နမ့်မယ်ခုံ နှင့် မိုးဗြဲ သို့ရောင်းဝယ် နိုင်သည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	မြေနေရာလုံလောက်စွာရှိသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ အခွင့်အလမ်းအနေဖြင့် လွတ်ကျောင်းရန်စားကျက်ရှိသည်။ အစာစိမ်းရနိုင်သည်။ သဘာဝ ပါတ်ဝန်းကျင် စိမ်းလန်းမှုရှိသည်။

၂။ ဈေးကွက်နှင့်နီးသည်။ ဈေးကွက်ကောင်းပြီး အလုံအလောက်ရှိသည်။ တိမ်မွေကုသင်တန်းသားလည်းရှိသည်။

၃။ သွင်းအားစုများကိုလည်း အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

၄။ နွားမွေးမြူရေးမှာ စိုက်ပျိုးရေးအတွက် နွားချေးရရှိသောကြောင့် တိုးချဲ့မွေးရန် အလားအလာရှိသည်။

၅။ ငါးကန်မှာ လက်ရှိ ၁ ဦး လုပ်ကိုင်နေပြီး ငါးကန်လုပ်ငန်းတိုးချဲ့ရန်နှင့် အခြားသူများ လုပ်ကိုင်ရန် အခွင့်အလမ်း ရှိသည်။ ငါးကန်နှင့်တွဲဖက်၍ စီပီ ဂက်မွေးမြူရန် ဥစားကြက်မွေးမြူရန် အလားအလာရှိသည်။

၆။ တိရိစ္ဆာန်ရောဂါ ကာကွယ်မှုအတွက် ကျေးရွာအတွင် တိကုသင်တန်းသားရှိပါက အသေအပျောက်နည်းပြီး မွေးမြူရေး တိုးတက်လာနိုင်သည်။ (ကြက်ရောဂါ - ခွာနာ လျှာနာ - ဂက်တုတ်ကွေး)

၂.၂.၂.၃ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	ရှိ - မွေးမြူရေးချေးငွေ သီးသန့်မရှိ။
ကူးစက်ရောဂါဖြစ်ပွားမှု	ရှိ - ကြက်ရောဂါများဆိုးဝါး
သွင်းအားစုဈေးကွက်	မရှိ - ကျေးရွာတွင် အစားအစာများ ရရှိသည်။ ကုန်းသာနှင့် မိုးဇြဲသို့ ဂက်စာများ သွာဝယ်သည်။ (ဖွဲနု-ကြမ်း -ဆန်ကွဲ စသည်)
ဝန်ဆောင်မှုဈေးကွက်	ရှိ - ကျေးရွာတွင် တိ-ကု သင်တန်းသားများမရှိ။ ကုန်းသာမှ တိကုနှင့် ချိတ်ဆက်၍ တခါတရံ ကာကွယ်ဆေးများထိုးသည်။
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	မရှိ - ကြက်-ဂက် အိမ်စားနှင့် ပွဲတော်အတွက်သာမွေး နွားများကို နွားချေးရရှိရန်အတွက် အဓိကထားမွေးသည်။ ရွာတွင်း ၊နမ့်မယ်ခုံ နှင့် မိုးဇြဲသို့ရောင်းဝယ် နိုင်သည်။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	ရှိ။ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတနည်းပါးသည်။
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု	စီးပွားဖြစ်မွေးမြူမှုအားနည်းသည်။
မျိုးကောင်းမျိုးသန့်	
ငါးဖမ်းခွင့် လက်လှမ်းမှီမှု	
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	ငါးမွေးကန်အတွက် ချေးငွေမရှိသေး။
အရင်းအနှီးလက်လှမ်းမှီမှု	
အခြား	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ငါးမွေးကန်အတွက် ချေးငွေအရင်းအနှီးရရှိပါက ငါးမွေးမြူရေးတိုးတက်လာနိုင်သည်။ စပါးနှင့်ငါး မွေးမြူ ခြင်း စမ်းသပ်ကွက်လုပ်ဆောင်ခြင်း အခွင့်အလမ်းရှိပြီး အောင်မြင်ပါက တောင်သူများ ဝင်ငွေတိုးလာနိုင် သည်။

၂။ မွေးမြူကုသရေးဆိုင်ရာသင်တန်းနှင့် ကာကွယ်ကုသရေးထိရောက်သော ဝန်ဆောင်မှုမရှိ။

၃။ တိရိစ္ဆာန်များကြိုတင်ကာကွယ်စောင့်ရှောက်မှုစနစ်မရှိပါ။ စနစ်တကျ မွေးမြူနည်းစနစ် လိုအပ်ပါသည်။ ဗဟုသုတ အသိပညာအတွေ့အကြုံမရှိပါ။

၄။ ဆေးကုသစရိတ်လည်းမြင့်သည်။ အစာစရိတ်မြင့်သည်။

၅။ မိမိခြံထွက် တိရိစ္ဆာန်များအား လွတ်လပ်စွာ ရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှု ခံကြရသည်။

၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း		၉		လက်သမား-၅ ၊ ပန်းရံ -၄
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၁၅			အိမ်ဆိုင်-၃၊ဈေးဆိုင် -၂ ၊ မိုးဇြံသို့ ဈေးရောင်းသူ ၁၀ ဦး။
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း များ (အုပ်ချုပ်ရေး၊ ကာကွယ် ရေးနှင့် ဘေးကင်းလုံခြုံရေး)		၁၀		အစိုးရဝန်ထမ်း။
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင် များ(အထက်ဖော်ပြပါလုပ်ငန်း များမှအပ)			၁၀၀	ရွာနှင့်ရွာပြင်ပအလုပ်လုပ် သည်။ ရွာပြင်ပ အလုပ်မှာ ကောက်စိုက်၊ သစ်ဆွဲအလုပ်များ ဖြစ်သည်။
၁၇	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူ များ				
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	**၁၅**	**၁၉**	**၁၀၀**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ကိုယ်ပိုင်လုပ်ငန်းအနေဖြင့် ဈေးရောင်းသူ (၁၅) ဦး၊ အလုပ်သမားနေဖြင့် လုပ်ကိုင်သူ (၁၉) ဦး (လက်သမား၊ ပန်းရံ ၉ ဦး၊ အစိုးရဝန်ထမ်း ၁၀ ဦး) နှင့် ရွှေ့ပြောင်းလုပ်ကိုင်သူအနေဖြင့် တွဲဖက် အလုပ်လုပ်ကိုင်သူ (၁၀၀) ဦး ရှိသည်။

၂။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းအရေအတွက် ၁၅ ခု ရှိပြီး အလုပ်သမား လုပ်ကိုင်သူ ၁၁၉ ဦးရှိသည်။

၃။ ပန်းရံ၊ လက်သမား ကျွမ်းကျင်သူ (၉) ဦး ရှိသော်လည်း အလုပ်အကိုင် အမြဲမရှိ။ ပုံမှန်ဝင်ငွေမရ။ အစိုးရဝန် ထမ်း ၁၀ ဦးမှာ ပုံမှန်အလုပ်အကိုင်နှင့် ပုံမှန်ဝင်ငွေရှိသည်။

၄။ ကျပန်းနှင့် တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်းသည်၊ အဓိက လုပ်ငန်း ဖြစ်သော်လည်း မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြ သည်။

၅။ နေ့စားအလုပ်သမားများ၏ တရက်ဝင်ငွေမှာ ပျမ်းမျှ ၃၀၀၀ ကျပ်ခန့်ရှိပြီး စားဝတ်နေရေး ခက်ခဲကြသည်။ လယ်ယာစိုက်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။ အကြွေး ယူကာ (သို့) လုပ်အားကြိုရောင်းခြင်းဖြင့် ဖြေရှင်းရသည်။ အနီးပတ်ဝန်းကျင် ရွာများသို့ သွားရောက်လုပ်ကိုင်ကြရသည်။

၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
မီးရရှိပါက အိမ်တွင်းမှုလုပ်ကိုင်နိုင်မည်။	အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုအားနည်းသည်။
လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းသည်။	ငွေကြေးအရင်းအနှီးမရှိ။
	ပြင်ပမှငွေချေးပါကအတိုးများသည်။
အတတ်ပညာ တတ်မြောက်ချင်စိတ်ရှိကြသည်။	ပြင်ပနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းသည်။ သင်တန်းတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်ကြပါ။
နိုင်ငံခြားမှပြန်လာသူများမှ နည်းပညာ၊ အတွေ့အ ကြုံနှင့် အကြံဉာဏ်ရနိုင်သည်။	အရင်းအနှီးမရှိပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ကျပန်းမိသားစုများအတွက် ငွေကြေးအရင်းအနှီးမရှိ။ အလုပ်နှင့်ဝင်ငွေပုံမှန်မရှိ။ အလုပ်အကိုင် အခွင့်အလမ်း နည်းသည်။

၂။ အသက်မွေးဝမ်း အတတ်ပညာကျွမ်းကျင်မှု နည်းခြင်း။

၃။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ အချိတ်အဆက်၊ အဆက်အသွယ် နည်းပါးခြင်း။

၄။ စိုက်မွေးမဟုတ်သော အသက်မွေးလုပ်ငန်းများနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးရွာအတွင်း အားသာချက်၊ အခွင့်အလမ်းကောင်းများရှိသည်။ ဆင်းရဲနွမ်းပါးမှု၊ ငွေကြေး အခက်အခဲ၊ ဝမ်းစာဖူလုံမှု တို့သည် အဟန့်အတားဖြစ်သည်။

၅။ ဒေသတွင်း ကျောက်တောင်များမှာ ကျောက်ဖြိုးနှင့် အုတ်လုပ်ငန်းလုပ်ဆောင်နိုင်သည်။

၂.၃ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	နမ့်မယ်ခုံ - ၁.၅ မိုင် (၂.၄ ကီလိုမီတာ)	မိုးဇြဲ - ၄ မိုင် (၆.၄ ကီလိုမီတာ)
သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ကျောက်ခင်းလမ်း- ကတရာလမ်း ၊ ဆိုင်ကယ်၊ ထော်လာဂျီ။	ကျောက်ခင်းလမ်း- ကတရာလမ်း ဆိုင်ကယ် ထောလာဂျီ
ကုန်စည်အမျိုးအစား နှင့်ဝန်ဆောင်ပေးနိုင်မှု	စိုက်ပျိုးသီးနှံ	စိုက်ပျိုးရေးသုံးပစ္စည်းနှင့်အိမ်သုံး၊ ကုန်မာပစ္စည်းများ
ဈေးအခြေခံအဆောက်အဦး နှင့် ဝန်ဆောင်မှု	ငါးရက်ဈေး - ဈေးဆိုင်တန်း။	ဈေးကြီး၊ တိုက်တန်း၊ပွဲရုံ၊ စိုက်ပျိုးရေး ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆေးဝါး။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ နမ့်မယ်ခုံဈေးသို့သွားလာ ရောင်းဝယ်ကြသည်။ တခါတရံ ကုန်းသာဈေးသို့သွားရောက်ကြပြီး သီးနှံ သားငါး အခြေခံလူသုံးကုန်ပစည်း ရောင်းဝယ်ရန်အတွက် သွားရောက်ကြပြီး မိုးဇြဲသို့ ကုန်မာ စိုက်ပျိုးဆေးဝါး လယ်ယာသုံးစက်ကိရိယာ လူဆေးဝါးဝယ်ရန်နှင့် သီးနှံများများရောင်းရန် ဈေးကောင်း ရရန် စိုက်ချေးငွေရရှိရန်အတွက် သွား ရောက်ကြသည်။

၂.၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
အစိုးရဘဏ် ပုဂ္ဂလိကဘဏ် ပုဂ္ဂလိက အသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ	စိုက်ပျိုးရေးချေးငွေ	၆လ	၄၀ ပြား	လယ်ယာပုံစံ-၇	လိုသလောက်မရ - ၁၀ သိန်းထိသာ။
အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ်	လူငယ်ရံပုံငွေ-အရေးပေါ်ကိစ္စများအတွက် - ကျန်းမာရေး	သတ်မှတ်မထား	၄ ကျပ်	မရှိ	လိုသလောက်မရ။

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
ငွေချေးပေးသူ	ဝမ်းစာရေး-စိုက်ပျိုးရေး -ကျန်းမာရေး	၃ လ	၆ -၁၀ %	မရှိ	လိုသလောက်မရ။
အပေါင်ဆိုင်မိတ်ဆွေနှင့်ဆွေမျိုးများ	ဝမ်းစာရေး-စိုက်ပျိုးရေး -ကျန်းမာရေး	အကန့်အသတ်မရှိ	၅ -၁၀ ကျပ်	မရှိ	အတိုးနှုန်းများသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ စိုက်ဘဏ်မှ စိုက်ပျိုးရေးချေးငွေယူသူ ၁၀ ဦးခန့်ရှိပြီး၊ သိန်း ၈၀ ခန့်ချေးထားသည်။ တောင်သူငယ်များမှာ ချေး ငွေကာလကန့်သတ်ချက်ကြောင့် ချေးယူသူနည်းသည်။
၂။ ပြင်ပမှ စိုက်စရိတ်ချေးပါက (၆-၁၀%) အတိုးရှိသည်။ လူငယ်အဖွဲ့ ရံပုံငွေမှာ ၁၁ သိန်းခန့်ရှိပြီး ငွေပမာဏ အနည်းငယ်သာချေးလို့ရနိုင်သည်။
၃။ ကျေးရွာတွင် မီးလင်းရေးရံပုံငွေ သိန်း ၃၀၀ ခန့်ကို ယခင်က စိုက်ပျိုးရေးချေးငွေ ထုတ်ပေးသော်လည်း ယခုမီးလင်းရေးတွင် အသုံးပြုနေသောကြောင့် ချေးလို့မရနိုင်တော့ပါ။
၄။ ကျေးရွာတွင် စိုက်ပျိုးစရိတ်နှင့် အခြားလုပ်ငန်းများအတွက် ချေးငွေ ထုတ်ချေးသောအဖွဲ့ အား နည်းနေပြီး (ချမ်းသာသူများ) ငွေတိုးပေးသူများသာရှိသည်။

၂.၅ သဘာဝဘေးအန္တရာယ်လျော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့်အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	ရှိ	သီးနှံတစ်မျိုးတည်း ဆက်တိုက်စိုက်ခြင်းနှင့် မြေဆီသြဇာအလွန်အကျွံသုံးသည်။
အပင်မျိုးစိတ်များ	ရှိ	သစ်တောများမှ သစ်ခုတ်မှုများနှင့် ဆေးဖက်ဝင်ပင်များ ထုတ်ယူသုံးစွဲမှု များသည်။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	ရှိ	စပါးတွင် ဆစ်ပိုးနှင့် နီတိုရောဂါများဖြစ်ပွားမှုများသည်။
ရေအရင်းအမြစ်	အနည်းငယ်	ရေထိန်းတောများကာကွယ်ထိန်သိမ်းထားသည်။ သို့သော် သစ်ခိုးခုတ်သူများ ရှိသည်။
ငါးမျိုးကွဲများ	အနည်းငယ်	ပိုးသတ်ဆေး သုံးစွဲမှုကြောင့် ငါးများရှားလာသည်။

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
အခြားတိရိစ္ဆာန်မျိုးကွဲများ	ရှိ	ယုန်၊ တောကြောင်၊ ခါ ၊ မြွေများဖမ်းဆီးမှုများသောကြောင့် ရှားပါးလာသည်။
စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု	ရှိ	ပိုးသတ်ဆေးအခွံများနှင့် ပလပ်စတစ်များ စနစ်တကျ စွန့်ပစ်မှုမရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ အခြားတိရိစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝအရင်းအမြစ် ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။

၂။ မြေဆီလွှာထိန်းသိမ်းမှုလည်း မရှိကြပါ။

၃။ ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျ စွန့်ပစ်ခြင်း မရှိသောကြောင့် ပါတ်ဝန်းကျင်သန့်ရှင်းမှု နည်းလာသည်။

၄။ သစ်တောများလည်းထုတ်ယူသုံးစွဲမှုများပြီး သစ်တောပြုန်းတီးလာသဖြင့် စိမ့်စမ်းရေထွက်များလည်း တဖြည်းဖြည်း ခမ်းခြောက်လာသည်။

၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ(နည်း/လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	လတ်	မိုးတွင်းပိုင်းမိုးများလျှင် လယ်များ ရေကြီးခြင်းရှိသည်။ လူနေထိုင်ရာတွင် ရေတက်ခြင်း မရှိ။	မရှိသေး။
မီးဘေး	နည်း	နွေပိုင်းမီးလန့်မှု အနည်းငယ် ရှိသည်။	မီးကင်း တည်ထောင်ထားသည်။
မုန်တိုင်း	မရှိ	-	-
ငလျင်	နည်း	အနည်းငယ်လောက်သာရှိသည်	မရှိ။
မိုးခေါင်ခြင်း	လတ်	မိုးခေါင်လျှင်သီးနှံပျက်စီးမှုကြုံတွေ့ရသည်။	မရှိ။
အအေးလှိုင်း	မရှိ	-	-
ပဋိပက္ခ ဖြစ်ပွားမှု	နည်း	စကားများရန်ဖြစ်တာရှိတတ်သည်။	ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဖြေရှင်းပေးသည်။

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ(နည်း / လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အကျင့်များ
တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု	လတ်	ရာသီအကူးအပြောင်းတွင် ရောဂါဖြစ်ပွားမှုများသည်။	ကုန်းသာရွာတိကုနှင့်ချိတ်ဆက်ဆောင် ရွက်သည်။
လူရောဂါဖြစ်ပွါးမှု	လတ်	ရာသီဖျားနှင့် ဝမ်းလျှော	ကျန်းမာရေးဆေးပေးခန်းရှိသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ယာမြေ၊ သစ်တော၊ ရေထိမ်းတော၊များ ပဋိပက္ခနှစ်စဉ်ရှိသည်။ ပြင်ပရွာမှ လုယူ၊ ခိုးထုတ်မှုရှိသည်။ လူရော ဂါ ရေသန့်ရှင်းမှု မရှိသောကြောင့် ဝမ်းရောဂါ၊ ယားနာ၊ တုတ်ကွေး၊ ငှက်ဖျား ဖြစ်သည်။

၂။ တခါတရံ တိရိစ္ဆာန်ရောဂါများ ဆိုးဝါးစွာ ကျရောက် ဆုံးရှုံးလေ့ရှိသည်။ ကာကွယ်ဆေးထိုးခြင်း အလေ့အထ မရှိ။

၂.၆ ပညာရေး

၂.၆.၁ ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	၉နှစ်နှင့်အထက်၊ကျောင်းနေလူဦးရေ ၏ %
လုံးဝကျောင်းမနေသူများ	၁၀	၂၀	၃၀	၅.၇
ဘာသာရေးအခြေပြုပညာရေး	၈	၀	၈	၁.၅
မူလတန်းပြီးဆုံးမှု မရှိသည့်ဦးရေ	၁၁	၁၄	၂၅	၄.၇
မူလတန်းပညာရေးပြီးဆုံးသူများ	၁၅၂	၁၄၂	၂၉၄	၅၅.၆
အလယ်တန်းပညာရေးပြီးဆုံးသူများ	၅၇	၄၄	၁၀၁	၁၉
အထက်တန်းပညာရေးပြီးဆုံးသူများ	၂၄	၃၃	၅၇	၁၀.၈
တက္ကသိုလ်ပညာပြီးဆုံးသူများ	၂	၉	၁၁	၂
တက္ကသိုလ်တက်ရောက်နေသူများ	၁	၂	၃	၀.၆
၉ နှစ်အထက်လူဦးရေပေါင်း	၂၆၅	၂၆၄	၅၂၉	**၁၀၀%**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် လုံးဝစာမတတ်သူ ၃၀ ဦး (၅.၇%) နှင့် မူလတန်းပညာပြီးဆုံးသူ ၂၉၄ ဦး (၅၅.၆%) ရှိသည်။

၂။ မူလတန်းပညာရေးပြီးဆုံးသူ၊ စာရေးစာဖတ်တတ်သူများသော်လည်း ဘွဲ့ရပညာတတ်သူ နည်းသည်။ အကြောင်းမှာ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းအထိ စာသင်ကျောင်း ရှိသော်လည်း အထက်တန်းနှင့် တက္ကသိုလ်များမှာဝေးပြီး မိဘများမှ ဆင်းရဲသောကြောင့် ကျောင်းဆက်မထားနိုင်ကြပါ။

၂.၆.၂ ကျောင်းအပ်နှံနှုန်း

ဇယား (၂၈) ကျောင်းအပ်နှံနှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၃၉	၃၄	၇၃	၁၆၂.၂%
အလယ်တန်း (၁၀-၁၄နှစ်)	၄၈	၃၂	၈၀	၁၁၁.၁%
အထက်တန်း (၁၅-၁၆နှစ်ကြား)	၁၀	၁၆	၂၆	
တက္ကသိုလ်ကျောင်းသား၊သူ	၁	၂	၃	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ မူလတန်းနှင့် အလယ်တန်းတွင် ကျောင်းသားဦးရေမှာ ကျေးရွာကလေးဦးရေထက် ပိုများနေရခြင်းမှာ အချို့ ကလေးများမှာ ၅ နှစ်ကျော်မှ ကျောင်းနေခြင်းနှင့် အလယ်တန်းတွင် အခြားရွာမှလည်း လာရောက် ကျောင်း တက်သောကြောင့်ဖြစ်သည်။
၂။ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားဦးရေ သိသိသာသာ လျော့နည်းရခြင်းမှာ အခြားသို့ ကျောင်းဆက် ထားရန် မတတ်နိုင်သောကြောင့် ဖြစ်သည်။

၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာတွင်းရှိ			ရွာတွင်းရှိ		
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	လမ်းလျှောက်			လမ်းလျှောက်		
စာသင်ကျောင်းအရွယ်အစား(အလျား၊ အနံ၊အမြင့်)	၉၀× ၃၀× ၁၂ ပေ			၉၀×၃၀×၁၂ ပေ		
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်-အုတ်ကာ-ကွန်ကရစ်ခင်း			သွပ်-အုတ်ကာ-ကွန်ကရစ်ခင်း		
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	လုံလောက်မှုရှိသည်။			လုံလောက်မှုရှိသည်။		
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	မ	ကျား	ပေါင်း
	၃	၃	၃	၃	၃	၃

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ မူလတန်းနှင့် အလယ်တန်း ကျောင်းသားများစာသင်ကြားရာတွင် စာသင်ခန်းမလုံလောက်မှုကြောင့် ၅ တန်း နှင့် ၇ တန်း ကျောင်းသားများကို လက်ရှိ စာသင်ဆောင်ဘေးတွင် အဖီဆွဲကာ (သုံးပြီးသားသွပ်မိုး -ထရံကာ -မြေကြီးခင်း) ဖြင့် စာသင်ကြားကြရသည်။ ကျေးရွာမှ အလယ်တန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန် ရည်မှန်းထားသည်။ ကျောင်းအုပ်နေရာလစ်လပ်နေသည်။

၂.၆.၄ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၆ ဦး (မူပြ-၃ ၊ လယ်-၃)
တပည့် - ဆရာ အချိုး	၆ /၁၅၃
မူလတန်းပညာ ကျောင်းထွက်နှုန်း	၆၂.၈၂%
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	အစိုးရမှထောက်ပံ့ပေးသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ဆင်းရဲသောကြောင့် အလယ်တန်းဆက်မထားနိုင်ပါ။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကောင်းမွန်သည်။ စာသင်ပရိဘောဂပြည့်စုံရေးနှင့် ကျောင်းတိုးတက်ရေး ဆွေးနွေးတိုင်ပင်ကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ဆရာနှင့် တပည့် အရေအတွက် အချိုးညီမျှမှုရှိသည်။
၂။ အချို့ကျောင်းသားများ စာတော်သော်လည်း ဆင်းရဲသောကြောင့် ကျောင်းဆက်မထားနိုင်ကြပါ။

၂.၇ ကျန်းမာရေးနှင့် အာဟာရ

၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁.ရာသီဖျား	၂.တုတ်ကွေး	၃.ဝမ်းလျှော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ဝမ်းရောဂါနှင့် ယားနာဖြစ်ပွားမှု အဖြစ်များသည် ရေသန့်ရှင်းမှုမရှိ။

၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (ကီလို)	အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	ရွာတွင်း	မရှိ	သားဖွားဆရာမ( )ဦး ကြီးကြပ်-၁( )ဦး	မရှိ	တခါတရံနမ့်မယ်ခုံသို့သွားသည်။
ဆေးရုံ	မိုးဖြဲ(၄မိုင်)	ရှိ	ဆရာဝန် ( ) ဦး သူနာပြု - ( ) အခြား - ( )	ရှိ	
ဆေးဆိုင်	ရွာတွင်းရှိ	မရှိ	မိုးဖြဲနှင့်လွိုက်ကော် မြို့များတွင်သာ ဆေးဝါးကျွမ်းကျင် သူရှိသည်။	လက်လှမ်းမှီမှု ဆေးဝါး.... သိုလှောင်ပုံစနစ် အအေးခန်းစနစ်	စနစ်တကျသိုလှောင်မှုမရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် ဆေးပေးခန်းအသစ်ဆောက်လုပ်လျက်ရှိပြီး သားဖွား-၁ နှင့် အထောက်အကူပြု - ၁ ဦး ရှိသည်။

၂။ ရွာတွင်နေထိုင်ပြီး ကိုယ်၀န်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုရှိပြီး ဆေးဝါးနှင့် ဆေးခန်းသုံးပစ္စည်းများ လုံလောက်မှုမရှိပါ။ ထို့ကြောင့် တခါတရံ နမ့်မယ်ခုံသို့သွားရောက်ကြသည်။ အဆင်မပြေမှ မိုးဖြဲနှင့် လွိုင်ကော် သို့သွားရောက်ကြသည်။

၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း အဝီစိတွင်း အဝီစိတွင်း၊ စက်တွင်း	၁၁၇	ကောင်း	အနည်းငယ်	ရရှိ	အနည်းငယ်	
ကန်	၇	ကောင်း	မရ	ရရှိ	အနည်းငယ်	
မြစ်/ချောင်း	၄	ကောင်း	မရ	ရရှိ	အနည်းငယ်	
မိုးရေသိုလှောင်ကန် စိမ့်စမ်းရေသွယ်တန်းခြင်း	၁၆	ကောင်း	မရ	ရရှိ	အနည်းငယ်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ကျေးရွာတွင် ရေတွင်းများရှိသော်လည်းနွေပိုင်းတွင် သောက်သုံးရေမရ။ မိုးခေါင်နှစ်များတွင် ရေရှားပါးသည်။

၂။ ရေထွက်ပေါက်သို့သွားခပ်ကြရသည်။ ရေထွက်ပေါက်မှာ ၂ ဖာလုံခန့် စိမ်းစမ်းရေသွယ်တန်းခြင်း ပြုလုပ်ပါက စာသင်ကျောင်းနှင့် ရွာအတွက် သောက်သုံးရေလုံလောက်စွာရရှိမည်ဖြစ်ပါသည်။ ကျောင်းတွင်လည်း အဝီစိရေ တွင်းတူးပါကလည်း သောက်သုံးရေလုံလောက်နိုင်ပါသည်။

၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁၄၅	Care Myanmar မှထောက်ပံ့ပေးထား
ကျင်းအိမ်သာ	၂	အိမ်ထောင်ခွဲများ
တောထိုင်	၅	ဆင်းရဲသောမိသားစု

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ယင်လုံအိမ်သာများကို ပြည့်စုံစွာတွေ့ရပြီး အသုံးပြုကြသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် အိမ် ထောင်ခွဲများမှာ အသုံးစရိတ်မတတ်နိုင်၍ ယင်လုံအိမ်သာမသုံးကြပေ ။ ထို ၇ - ၁၀ ဦးခန့်ကို ယင်လုံအိမ် သာ ပစ္စည်း များပံပိုးရန်လိုအပ်သည်။

၂.၈ လမ်းတံတား အခြေအနေ

၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက်သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	
ရွာတွင်းလမ်း	၁-၃	ဆိုး	ရွာတည်	√	-	၄.၃၇ ကီလို
ချဉ်းကပ်လမ်း	၃	ကောင်း	၂၀၁၃		√	၁မိုင် ၂ဖာလုံ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အ လက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင်းရှိ လမ်းမှာ စုစုပေါင် ၁၁ လမ်းရှိပြီး ၃ လမ်းသာကျောက်ခင်းလမ်းကောင်းမွန်သည်။ ကျန် ၈ လမ်းမှာ မိုးတွင်းတွင်သွားလာရန်ခက်ခဲသည်။

၂။ အရှေ့နှင့်အနောက် ရွာတွင်းမိန်းလမ်းအမှတ် ၂ မှာ ၀.၄၂ ကီလိုမီတာ ပြုပြင်ပါက သွားလာရေးအဆင်ပြေနိုင် သည်။

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်လုံး
ဆိပ်ခံတံတား					
တံတား	(၁၅ - ၇.၅ - ၃) ပေ (၁၅ - ၇.၅ - ၃) ပေ (၁၀.၅-၁၅-၆) ပေ	အသင့်အတင့်	ရွာတည်	√	√
ကြိုးတံတား					
ရေပြွန်					

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာသို့ လာရာလမ်းတွင် တံတား ၃ စင်းရှိပြီး သစ်သားတံတားများဖြစ်သည်။ ကျေးရွာမှ တနှစ်တခါ ပြုပြင်ရသည်။ ရေပြွန်ကွန်ကရစ်တံတားပြုလုပ်ပါက ပိုမိုကောင်းမွန်နိုင်ပြီး လယ်ယာထုတ်ကုန်များနှင့် အခြား ကျေးရွာများမှ ဆက်သွယ်ရေးအသုံးပြုသော လမ်းပေါ်တွင်တည်ရှိနေသော တံတားများဖြစ်သည်။

၂.၈.၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ် အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း				
ပင်လယ်ရေကြောင်း				
၁ “ လှေ၊သမ္ဗာန်	၂ - မော်တော်		၃ - သဘော်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	စက်လှေ	လှေ၊ သမ္ဗာန်	ဆိုင် ကယ်	သုံးဘီး ဆိုင်ကယ်	ထော်လာကျီ	ထရပ်ကား	နွားလှည်း
အရေအတွက်			၁၂၈		၁၆	၁	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ထရပ်ကား ၁ စီး + ထောလာကျီ ၁၆ စီးရှိပြီး သီးနှံများကူးသန်းရောင်းဝယ်ကြသည်။

၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်း ဆိုလာစနစ်	၁၃၇	သင့်	ရှိ
အသေးစားရေအားလျှပ်စစ် ဒီဇယ်သုံးအင်ဂျင် လေစွမ်းအင် ဇီဝလောင်စာ (ဖယောင်းတိုင်)	၆	သင့်	ရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ဆိုလာသုံးစွဲသူများတွင် ၁၃၇ ဦးသုံးစွဲကြပြီး နေရောင်ကောင်းစွာမရပါက အားမဝင်ပါ ။ ထို့အပြင် ဖယောင်း တိုင်သုံးစွဲသူ ၁၆ ဦးခန့်ရှိပြီး ယခုအခါ ကျေးရွာမီးလင်းရေးကော်မတီမှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေပါ သည်။

၂.၁၀ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာနှင့်ဂျာနယ်	အခြား
အရေ အတွက်	၁၁၁	၁၁	၂၅	၄၅		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာလူထုသည် တယ်လီဖုန်း (၁၁၁) လုံး၊ ရေဒီယို ၁၁ လုံး၊ တီဗွီ (၂၅) လုံးရှိသည်။
၂။ ဖုန်းအသုံးပြုမှုမှာ ကျေးရွာ၏ ၇၅% ခန့်အသုံးပြုကြပြီး MPT Telenor ဆက်သွယ်ရေး ဝန်ဆောင်မှု ရှိသည်။ လူငယ်များအားလုံး အင်တာနက်အသုံးပြုကြပြီး Facebook, Viber. Chatting အတွက်သာ အသုံးပြုကြသည်။ အိမ်ခြေ ၅၀ ခန့် မှာ IPM တပ်ဆင်ကြပြီး သတင်း၊ ဇာတ်လမ်းတွဲနှင့် အားကစားကြည့် ရှုသည်။

၂.၁၁ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	ရှိ	အိမ်အချို့တွင် အီးဗွီဒီ ရှိပြီး သွားရောက်ကြည့်ရှုနိုင်သည်။

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	တက်ကြွစွာ ပါဝင်ကြသည်။
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဘာသာရေးပွဲများတွင်ဝန်ဆောင်မှုများပေးခြင်း
အားကစားပစ္စည်းများအား လက်လှမ်းမှီမှု	ရှိ	ကျောင်းအားကစားကွင်းရှိသည်။ ကျေးရွာအားကစားကွင်း သီး ခြားမရှိပါ။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	တက်ကြွစွာ ပါဝင်ကြသည်။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	မရှိ	လူငယ်အမျိုးသမီး၊ အမျိုးသားများ ရိုးရာကို ထိန်းသိမ်းကြသည်။
စာကြည့်တိုက်၊အင်တာနက်စသည် များအားလက်လှမ်းမှီမှု	ရှိ	စာကြည့်တိုက်၊ အင်တာနက်၊ ဂျာနယ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ လူငယ်အများစုမှာ အင်တာနက်အသုံးပြုမှုလက်လှမ်းမှီကြပြီး အိမ်တွင် TV ကြည့်ပြီး အပန်းဖြေကြသည်။

၂။ အားကစားတွင် လေ့လာလိုက်စားမှုအားကောင်းပြီး ဆုရရှိကြသည်။ ရှမ်းပအို စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမှု အားနည်းနေပြီး တိုင်းတပါးယဉ်ကျေးမှုအား အတုယူအားကျစိတ် ဖြစ်နေကြသည်။

၂.၁၂ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦး များအား လက်လှမ်းမှီမှု	ရှိ	ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်း
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	ရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	ရှိ	ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီ၊
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများ ရရှိမှု

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၇-၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ MPT _ Telenor network ဆက်သွယ်ရေးကောင်းသည်။

၂။ ဂန်ထမ်းများသာအသက်အာမခံထားကြသည်။

၃။ ရဲစခန်းနှင့် အဆက်အသွယ်ပြုမှုအားနည်းသည်။

၂.၁၂.၂ မူခင်းဖြစ်ပွားမှု

ဇယား (၄၂) မူခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	မရှိ	မရှိ	မရှိ	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁၃-၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် မူခင်းပြစ်မှုများနည်းပြီး ရဲစခန်းအဆက်အသွယ်အားနည်းသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဆင်တောင်ကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှု နှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့် နည်းလမ်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့ နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည် စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အလားအလာကောင်းများ၊ ဖြစ်နိုင်ခြေများရှိသလို တစ်ဘက်တွင်လည်း အဟန့်အတားနှင့် စိန်ခေါ်မှုများရှိပါသည်။ ထို့ကြောင့် ကိုးကား စာရွက်စာတမ်းများ၊ မြို့နယ်ဌာန ဆိုင်ရာ ဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသရှိ နားလည်တတ်သိသူများနှင့် ဆွေးနွေးမှုများ၊ ကျေးရွာရှိ ဦးတည် အုပ်စုများနှင့် ဆွေးနွေးချက်များကိုအခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ထုတ် ထားရှိပါသည်။

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
လူသား အရင်း အမြစ်	
• အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။ • လူကြီး၊လူငယ်များ စုပေါင်းလက်တွဲ ဆောင်ရွက်လေ့ရှိခြင်း။ • ကျေးရွာတွင် ဖွံ့ဖြိုးရေး၊ လူမှုရေးအဖွဲ့များ ဖွဲ့စည်းထား ရှိခြင်း	• ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစု ပေါင်းမှာ ကျား (၁၁၃) ဦး နှင့် မ(၁၂၂) ဦး၊ စုစုပေါင်း (၂၃၅) ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၆၀.၄) % ရှိပါသည်။ လက် ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ(၁၄) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၁၃) ဦး၊ တက္ကသိုလ် ဘွဲ့ရ(၁၇)ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေများပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။ • လူငယ်များအား ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ပါက ကျေးရွာ၏ လူအရင်းအမြစ် တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် အလားအလာကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများက လည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ် သည်။ •

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
	• ကျေးရွာတွင် ဖွံ့ဖြိုးရေးကို ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့ပေါင်း ၁၁ ဖွဲ့ရှိပြီး စိတ်အားထက်သန်မှုရှိသည်။
သီးနှံ ထုတ်လုပ် ရေး	
• သီးနှံအထွက်တိုးစေသော အခြေအနေ ကောင်းများ	• ဒီမောဆိုး၊ မိုးဇြဲ၊ လွိုက်ကော်နှင့်နီးပြီး စိုက်ပျိုးရေးဆေး ဝါး၊ မြေဩဇာ၊ လယ်ယာသုံးစက်ကိရိယာများအရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချခြင်းများရှိသည်။ • ဈေးကွက်နှင့် ဝယ်လိုအားကောင်းသည်။ လမ်းပန်း ဆက်သွယ်ရေး အသင့်အတင့်ကောင်းပြီး မြို့နှင့်နီးသည်။ အချိန်မရွေးသွားလာနိုင်သည်။ ဆိုင်ကယ်နှင့် ထော်လာဂျီ သွားလာနိုင်သည်။ • မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ ကဲမြန်မာ ဖွံ့ဖြိုးရေးအဖွဲ့များ မှနည်းပညာများ ပံ့ပိုးပေးသည်။ • ကျေးရွာတွင် လယ် ၃၀၂.၁ ဧကရှိပြီး လက်တွန်းထွန် စက် ၃၂ စင်း၊ ခြွေလှေ့ စက် ၁ ခုနှင့် ရေစုပ်စက် ၁၀ ခု ရှိသည်။
တိရိစ္ဆာန် မွေးမြူရေး	
• မွေးမြူရေးတိုးတက်ထုတ်လုပ်ရန် အခြေအနေကောင်းများ	• တိရိစ္ဆာန်မွေးမြူရန် ရေ၊ မြေနှင့် စိုက်ပျိုးရေး စွန့်ပစ်အစာ အလုံအလောက် ရရှိနိုင်ခြင်း။ • တိမွေးကုန်နှင့် အဆက်အသွယ်ပြုလုပ်နိုင်ပြီး နည်းပညာ ဝန်ဆောင်မှုကိုရရှိနိုင်မည်။ • နွား၊ ဝက်၊ ကြက် ဈေးကွက် ကောင်းသည်။ • ဒီမောဆိုး၊ မိုးဇြဲ၊ လွိုင်ကော်နှင့်နီးပြီး ဈေးကွက်နှင့်နီးသည်။ မွေးမြူရေး ဆေးဝါးများကို အလွယ်တကူဝယ်ယူရရှိနိုင်ပြီး အချိန်မီကြိုတင်ကာကွယ်နိုင်ပါက မွေးမြူရေးမှ အကျိုးအမြတ် ပိုမိုရရှိနိုင်ပါသည်။
စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင် ငွေရလုပ် ငန်းများ	• အရင်းအနှီးထူထောင်ပြီး လုပ်ငန်းတိုးချဲ့နိုင်ပါက ဝင်ငွေပိုမိုကောင်းမွန်လာမည်။
• ဝင်ငွေတိုး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက် စေသော အခြေအနေကောင်းများ	• လက်ရှိတွင် ဆင်းရဲသားမိသားစုများမှာ အသက်မွေးပညာကျွမ်းကျင်မှု နည်းသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းသည်။ • ကျေးရွာတွင် လူငယ်နှင့်ဆင်းရဲသားများမှာ အသက်မွေးပညာများကို သင်ယူရန် စိတ်ဝင်စားကြပြီး တက်ရောက်သင်ယူနိုင်မည်။
ချေးငွေ ဝန်ဆောင်မှု	
• ငွေကြေးဝန်ဆောင်မှု တိုးတက် စေသော အခြေအနေကောင်းများ	• ကျေးရွာတွင်စပါးစိုက်ပျိုးသည့်တောင်သူများအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ကျေးရွာရံပုံငွေမှ ချေးငွေ အနည်းငယ်ရရှိ၍ အရင်းအနှီး အခက်အခဲကို အတန်အသင့် ပြေလည် စေပါသည်။
ပညာရေး	
• ပညာရေးဖွံ့ဖြိုးတိုးတက်စေေ အခြေအ နေကောင်းများ	• စာသင်ကျောင်းဆောင် ကောင်းမွန်ပြီး ဆရာနှင့်ကျောင်းသား ပြည့်စုံခြင်း၊ အောင်ချက်ကောင်းမွန်ခြင်း၊ မိဘဆရာပူးပေါင်း ဆောင်ရွက်မှုကောင်းမွန်ခြင်း၊ ကျောင်းအသုံးအဆောင် အသင့်အတင့် ပြည့်စုံကောင်းမွန်ခြင်း၊ ဒီမောဆိုး၊ လွိုင်ကော်တို့နှင့်

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
	အနည်းငယ်နီးခြင်းတို့ကြောင့် အထက်တန်းနှင့် တက္ကသိုလ် တက်ရောက်ရန်၊ ကျေးရွာပညာရေး တိုးတက်ရန် အလားအလာ ရှိသည်။
ကျန်းမာ ရေး	
• ကျန်းမာရေးတိုးတက်စေသော အခြေအနေ ကောင်းများ	• အိမ်တိုင်း နီးပါးယင်လုံအိမ်သာသုံးစွဲခြင်းကြောင့် တကိုယ်ရေသန့်ရှင်းမှု နှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမည်။ • အရေးပေါ်ကိစ္စများအတွက် မိုးဇြဲသိုး သွားရောက်နိုင်ပြီး ၄ မိုင် ဝေးသည်။ တခါတရံ နမ့်မယ်ခုံသိုလည်း သွားကြသည်။ ဆိုင်ကယ်၊ ထော်လာဂျီတို့ဖြင့် သွားလာနိုင်သည်။
ရေ အရင်းအ မြစ်	• သောက်ရေတွင်း ၁၁၇ တွင်းနှင့် မိုးရေလှောင်ကန် (၁၆) ကန်၊ ရှိသည်။
• သောက်ရေရရှိနိုင်သော အခြေအ နေကောင်း များ	• ရေထွက်ပေါက်သို့သွားခပ်ကြရသည်။ ရေထွက်ပေါက်မှာ ၂ ဖာလုံခန့် စိမ့်စမ်းရေသွယ်တန်းခြင်း ပြုလုပ်ပါက စာသင်ကျောင်းနှင့် ရွာအတွက် သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ပါသည်။ ကျောင်းတွင်လည်း အဝီစိရေတွင်းတူး ပါကလည်း သောက်သုံးရေ လုံလောက်နိုင်ပါသည်။
လမ်း၊ တံတား	• ကျေးရွာသို့ လာရာလမ်းတွင် တံတား ၃ စင်းရှိပြီး သစ်သား တံတားများ ဖြစ်သည်။ ကျေးရွာမှ တနှစ်တခါ ပြုပြင်ရသည်။ ရေပြွန်ကွန်ကရစ်တံတား ပြုလုပ်ပါက ပိုမိုကောင်းမွန်နိုင်ပြီး လယ်ယာထုတ်ကုန်များနှင့် အခြားကျေးရွာများမှ ဆက်သွယ်ရေး အသုံးပြုသော လမ်းပေါ်တွင်တည်ရှိနေသော တံတားများဖြစ်သည်။
• ကျေးရွာလမ်း၊တံတားများတိုးတက်ကောင်း မွန်စေသော အခြေ အနေကောင်းများ	
လူငယ် နှင့် ယဉ်ကျေးမှု	• အားကစားတွင် လေ့လာလိုက်စားမှုအားကောင်းပြီး ဆုရရှိကြသည်။ ရှမ်း၊ ပအို့စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမှုအားနည်းနေပြီး တိုင်းတပါး ယဉ်ကျေးမှုအား အတုယူ အားကျစိတ်ဖြစ်နေကြသည်။
• လူငယ် ကဏ္ဍဖွံ့ဖြိုးတိုးတက်စေ သော အခြေ အနေကောင်းများ	• ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေး၊ နာရေးများတွင်လည်း တက်ကြွစွာ ပါဝင်လှုပ် ရှားကြသည်။
လျပ်စစ်မီးအခြေအနေ	• ကျေးရွာမှ အလွန်စိတ်ဝင်စားမှုရှိပြီး ယခုအခါ ကျေးရွာမီးလင်းရေး ကော်မတီမှ လျပ်စစ်မီးရရှိရေး ဆောင်ရွက်နေပါသည်။
• လျပ်စစ်မီးလင်းရေး အခြေအနေ ကောင်းများ	
ကျေးရွာတည်နေရာ အချက်အချာ ကောင်းမွန်ခြင်း	• ကျေးရွာ၏ တည်နေရာသည် မိုးဇြဲနှင့်နီးပြီး လမ်းပန်းဆက်သွယ်ရေး၊ စျေးကွက်အားလုံးကောင်းမွန်သည်။ လုပ်ကိုင်စားသောက်ရန် လယ်၊ ယာမြေများ နှင့် မိုးရေကိုသာ အားကိုးကြရသည်။
• ကျေးရွာ၏ တည်နေရာ ကောင်းမွန်မှုနှင့် ပါတ်သက်၍ အခြေအနေကောင်းများ	

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
<u>အဖွဲ့အစည်းဆိုင်ရာကဏ္ဍ</u> ကျေးရွာတွင်းလက်ရှိအဖွဲ့အစည်းများ နှင့် ပါတ်သက်၍ အဟန့်အတား ဖြစ်စေသော အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်သည့် အစီအစဉ်မရှိခဲ့ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ အခြေခံ သဘောတရားများအား သိကျွမ်းမှုအားနည်းခြင်း၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှုအားနည်းပြီး ဦးဆောင်မည့် အဖွဲ့အစည်း မရှိသေးခြင်း။ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။
<u>စိုက်ပျိုးရေး (သီးနှံ)</u> • သီးနှံထုတ်လုပ်မှုတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အခြေ အနေများ	ရွှေပြောင်းတောင်ယာစနစ်ကို ကျင့်သုံးနေခြင်း၊ လယ်စပါးတွင် ခါတ်မြေဩဇာကို အဓိကအသုံးပြုနေကြပြီး သဘာဝမြေဩဇာ သုံးစွဲမှုနည်းသဖြင့် မြေဆီလွှာ ထိန်းသိမ်းမှုအားနည်းသည်။ စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ရန်နေရာမရှိတော့ပါ။ ချေးငွေလုံလောက်မှုမှ၍၊ အချိန်မီငွေချေးနိုင်ခြင်းမရှိသောကြောင့် သွင်းအားစုများ အသုံးပြုရန် အရင်းအနှီး လုံလောက်မှုမရှိ။ လုံလောက်သော စိုက်ပျိုးစရိတ် ငွေချေးစနစ်မရှိကြပါ။ စိုက်ဘဏ်ချေးငွေမှာ ပုံစံ ၇ ရှိသူ တောင်သူ ၁၀ ဦးသာ ငွေချေးခွင့် ရသည်။ ဆင်တောင်ချောင်းမှ မိုးတွင်သာ ရေရနိုင်သဖြင့် လယ်များတွင် တစ်သီးသာစိုက်ပျိုးနိုင်သည်။ စိုက်ပျိုးရေရနိုင် သောနေရာတွင် တောင်သူ ၁၀ ဦးခန့်သာ ကြက်သွန်ဖြူ/နီကို စိုက်ပျိုးနိုင်ကြသည်။ အရင်းအနှီး မရှိသောကြောင့် လယ်ယာသုံးစက်ကရိယာ လုံလောက်မှုမရှိ။ ပြည်ပသွား ရောက်အလုပ်လုပ်ကိုင်သူများသဖြင့် စိုက်ပျိုးရိတ်သိမ်းချိန်တွင် လုပ်သားလည်း ရှားပါးလာသည်။ မြန်မာ့စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာသင်တန်းများပေးသော်လည်း နည်းပညာဝန်ဆောင်မှု လုံလောက်မှုမရှိခြင်း၊ တောင်သူများမှ လက်တွေ့ကျင့်သုံးမှု အားနည်းခြင်းတို့ကြောင့် ရောဂါနှင့် ဖျက်ပိုးများကို ထိရောက်စွာ ကာကွယ်နှိမ်နှင်းနိုင်ခြင်းမရှိ။ လုံလောက်သော နည်းပညာ ဝန်ဆောင်မှုမရကြပါ။
<u>မွေးမြူရေး</u> • မွေးမြူရေးတိုးတက်မှုကို အဟန့်အ တား ဖြစ်စေသော အခြေ အနေများ	မွေးမြူရေးချေးငွေ မရရှိနိုင်ခြင်း။ တိရိစ္ဆာန်များတွင် နှစ်စဉ်ကျရောက်သော ရာသီရောဂါများကို တိမွေးကုဦးစီးဌာနမှ အချိန်မီကာကွယ်ခြင်း၊ ကုသခြင်း၊ နည်းပညာဗဟုသုတများ မရရှိသဖြင့် များစွာဆုံးရှုံးမှုရှိသည်။ အသားရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန်ခက်ခဲခြင်းတို့ကြောင့် ရောင်းချရာတွင် လိုင်စင်ရှိ သူများ၏ ခေါင်းပုံဖြတ်မှုကို ခံကြရသည်။
<u>အခြားစီးပွားရေးလုပ်ငန်းများ</u> • ဝင်ငွေတိုးအသက်မွေးလုပ်ငန်းများတိုး တက်မှုကို အဟန့်အတား ဖြစ်စေသော အခြေအနေများ	တောင်ယာလုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်မှု အားနည်းခြင်း။ ပုံမှန်အလုပ်မရှိ။ ပြင်ပနှင့် အဆက်အသွယ်နည်းပါးခြင်း။ စိုက်ပျိုးရေးထွက်ကုန် အခြေပြုကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုမရှိခြင်း။ မြေယာမဲ့နှင့် ဆင်းရဲသား မိသားစုများအတွက် ချေးငွေလက်လှမ်းမမီခြင်း၊ အတိုးနှုန်းမြင့်မားခြင်း။ လျှပ်စစ်မီး လက်လှမ်းမီနိုင်ခြင်း မရှိသေးပါ။

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
ချေးငွေ ဝန်ဆောင်မှု • ငွေကြေးဝန်ဆောင်မှု အဟန့်အတားများ	ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို ရယူနိုင်သော်လည်း ကာလတိုချေးငွေများဖြစ်ခြင်း၊ စပါးအပြင် အခြားသီးနှံများနှင့် အခြားအသက်မွေးလုပ်ငန်းများအတွက် ချေးငွေဝန်ဆောင်မှု အစီအစဉ်မှာလည်း နိုင်ငံ၏မူဝါဒများအရ ချေးငွေကို ခံစားခွင့်ရရှိနိုင်ခြင်းမရှိသဖြင့် ဤကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်သောတောင်သူများ၊ မွေးမြူရေးလုပ်သူများ၊ မြေယာမဲ့ ကျပန်းများ၏ ဝင်ငွေတိုးလုပ်ငန်းများအနေဖြင့် လုံလောက်သောချေးငွေကို လက်လှမ်းမှီရန် အခက်အခဲ ရှိနေဦးမည် ဖြစ်ပါသည်။
<u>ပညာရေး</u> • ပညာရေးတိုးတက်မှုကို အဟန့် အတားဖြစ်စေသော အခြေအနေ များ	မိဘများမှ ဆင်းရဲသောကြောင့် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်သို့ ကျောင်းဆက် မထားနိုင်ကြပါ။ စာသင်ကျောင်းဆောင် လုံလောက်မှု မရှိသေးပါ။ ခြံစည်းရိုးဟောင်းနွမ်းပျက်စီးနေသည်။ စာသင်ဆောင် လုံလောက်မှု မရှိသေးပါ။ ယင်လုံအိမ်သာ၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်း လုံလောက်မှု မရှိသေး၊ သောက်ရေလည်း လုံလောက်မှု မရှိသေးပါ။
<u>ကျန်းမာရေး</u> • ကျန်းမာရေးတိုးတက်မှုကို အဟန့် အတားဖြစ်စေသော အခြေအနေ များ	လက်ရှိ သောက်ရေ သွယ်ယူရေးလုပ်ငန်းကို ကဲမြန်မာမှ ပံ့ပိုး ပေးထားသော်လည်း ယခုအခါ ရေထွက်နည်းသဖြင့် အောင်မြင်မှု မရှိတော့ဘဲ သောက်ရေများစွာ အခက်အခဲ ရှိသည်။ ကျေးရွာတွင် ကျန်းမာရေး ဝန်ဆောင်မှုလုံလောက်မှု မရှိသေးပါ။ အရေးပေါ်ကိစ္စရှိပါက များစွာ အခက်အခဲရှိ သည်။
<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u> • လူငယ်များဖွံ့ဖြိုးရေးကို အဟန့် အတားဖြစ်နေသော အခြေအနေ များ	အသက်မွေးလုပ်ငန်းများနှင့် အင်္ဂလိပ်စာ၊ ကွန်ပျူတာ ကျွမ်းကျင်မှု အားနည်းခြင်း၊ အဆက်အသွယ်မရှိခြင်းကြောင့် လူငယ်များအနေဖြင့် သင့်တော်သော အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းနည်းပါးသည်။ လူငယ်များ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် လူငယ် အသုံးအဆောင် ပစ္စည်းများ (ရိုးရာတီးဝိုင်းပစ္စည်း၊ ရွာ ဘုံပစ္စည်းစသည်) သိမ်းဆည်းရန် အဆောက်အဦး သီးသန့်မရှိသဖြင့် အခက်အခဲများစွာ ရှိသည်။ လူငယ် ရိုးရာယဉ်ကျေးမှုအဆို၊ အက တီးဝိုင်းရှိသော် ယဉ်ကျေးမှုကို ထိန်းသိမ်းမှု အားနည်းနေကြသည်။ တိုင်းတပါး ယဉ်ကျေးမှုကို အတုယူ အားကျနေကြသည်။ ကျေးရွာဓလေ့အရ ကျေးရွာတွင် အဖွဲ့အစည်းများ ကော်မတီများဖွဲ့စည်းရာတွင်လူငယ်များကို ပါဝင်ဖွဲ့ စည်းလေ့မရှိခြင်း။
<u>ကျေးရွာအတွင်းရှိအခြေခံ အဆောက်အဦးများ</u> • ကျေးရွာ အခြေခံအဆောက်အဦး များတိုးတက်မှုကို အဟန့် အတား ဖြစ်နေသော အခြေ အနေများ။	လက်ရှိကုန်ထုတ်တံတား၊ ကုန်ထုတ်လမ်းများမှာ ပျက်စီး နေသော ကြောင့် မိုးရာသီတွင် သွားလာမှု ခက်ခဲသည်။ အသစ်ဆောက်လုပ်ရန် မတတ်နိုင်ကြပါ။ လက်ရှိကျေးရွာတွင်းလမ်းများမှာလည်း မြေသာလမ်းများ ဖြစ်သဖြင့် တနှစ်ပါတ်လုံး အသုံးပြုနေကြသော်လည်း မိုးရာသီတွင်သွားလာမှု အခက်အခဲရှိသည်။

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
<u>လျှပ်စစ်မတ်အားသုံးစွဲ ရေး</u> • ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးနှင့် ပါတ်သက်၍ အဟန့်အတား ဖြစ်နေသော အခြေအနေများ။	ကျေးရွာမှ ကျပ်ငွေ သိန်း ၁၂၀ ထည့်ဝင်ရန်လိုအပ်သော်လည်း မတတ်နိုင်သောကြောင့် ထရန်စဖော်မာ တပ်ဆင်ပြီးသော်လည်း လျှပ်စစ်မီးလက်လှမ်းမီနိုင်ခြင်း မရှိသေးပါ ။

ဆင်တောင် ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက် - ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

စဉ်	ပြဿနာ	အကြောင်း အရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း
ကဏ္ဍ - အဖွဲ့အစည်း						
၁။	• အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်အားနည်းခြင်း	• စိတ်ပါဝင်စားမရှိခြင်း • တိကျသည် ဦးဆောင်မှု မရခြင်း • တိကျသည့်လမ်းညွှန်မှု မရခြင်း	• ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှသင်တန်း ပို့ချနိုင်မည့် အဖွဲ့များ နှင့်ဆက်သွယ်ပေးနိုင်ပါသည်	• ကျေးရွာလူထုသည် အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သည့် အတွေ့အကြုံ နည်းပါးခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း	၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်ရေး • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး သင်တန်းများ စီစဉ်ခြင်း

စဉ်	ပြဿနာ	အကြောင်း အရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း
ကဏ္ဍ - စိုက်ပျိုးရေး						
၂။	• သီးနှံထုတ်လုပ်မှု နည်းသည်။	• ရေလွှတ်မြောင်း တိမ်ကောနေသဖြင့် အချို့လယ်များ ရေလွှမ်းခံရခြင်း။ • လယ်ယာသုံးစက်ကိရိယာ ပြည့်စုံလုံလောက်မှု မရှိခြင်း။	• ရေလွှတ်မြောင်းပြုပြင်ရန် လူထုမှ စိတ်ဝင်စားသည်။ • လယ်ယာသုံးစက်ကိရိယာများ ဒေသအတွင်း အလွယ်တကူ ဝယ်ယူနိုင်သည်။	• အရင်းအနှီးမတတ်နိုင်ကြပါ။	• ငွေကြေးအရင်းအနှီးလက်လမ်းမီရန် ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်မည်။	• ရေလွှတ်မြောင်း အဟောင်းပြုပြင်မွမ်းမံခြင်း(၁မိုင်၊ ၄ ဖာလုံ) • လယ်ယာသုံးစက်ပစ္စည်း ကိရိယာ
	• စိုက်ပျိုး နည်းပညာ အားနည်းသည်။	• စိုက်ပျိုးရေးကုမ္ပဏီများနှင့်မြန်မာစိုက်ပျိုးရေးမှ ပညာပေးသော်လည်း လုံလောက်မှု မရှိသေးပါ။	• မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေး သင်တန်းများပို့ချနေခြင်း	• သင်တန်းတက်ရောက်ရန်ကုန်ကျမှုမတတ်နိုင်ခြင်း၊ • ချိတ်ဆက်မှုအားနည်းခြင်း။ • တောင်သူများတက်ကြွစွာဆွေးနွေး၍ပြန်လည် ကျင့်သုံးနိုင်မှု အားနည်းခြင်း၊	• နည်းပညာဝန်ဆောင်မှုပေးသော ဖွံ့ဖြိုးရေးအဖွဲ့များ၊ မြန်မာ စိုက်ပျိုးရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ • တောင်သူများမှ လက်တွေ့ပြန်လည်ကျင့်သုံးခြင်း။	• မြေဆီလွှာထိန်းသိမ်းနည်း • ဂျင်း၊ အာလူး၊ ကြက်သွန်စိုက်ပျိုးနည်းပညာ နည်း သင်တန်း • မျိုးစေ့အရည်အသွေး ထိန်းသိမ်းနည်း သင်တန်း • ပိုးသတ်ဆေး၊ပေါင်းသတ် ဆေး၊ ဓာတ်မြေဩဇာသုံးစွဲနည်းသင်တန်း • စပါးစိုက်ပျိုးနည်းပညာ • ရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်း • လိမ္မော်စမ်းသပ်စိုက်ပျိုးခြင်း
ကဏ္ဍ - မွေးမြူရေး						
၃။	• စီးပွားဖြစ်မွေးမြူနိုင်မှုမရှိခြင်း	• အရင်းအနှီးမရှိခြင်း၊ မွေးမြူရေးအတွက် သီးခြားငွေချေးစနစ်မရှိ။	• ဈေးကွက်အလုံအလောက်ရှိနေခြင်း၊	• ရွာသူရွာသားများ လိုအပ်သောရင်းနှီးမြှုပ်နှံနိုင်မည့်ချေးငွေရ	• တိရိစ္ဆာန်မွေးမြူထုတ်လုပ်မှုစနစ်တကျ တိုးတက်ရန် အခြေအနေကောင်းများ	• မွေးမြူရေး (နွား -ဒေသ ဂက်ကြက်)

စဉ်	ပြဿနာ	အကြောင်း အရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း
		• နည်းပညာမသိခြင်း။ • နည်းပညာဝန်ဆောင်မှု မရရှိနိုင်ခြင်း။ • ရောင်းချခွင့် လိုင်စင်မရှိသဖြင့် ဈေးနှိမ်ခံရခြင်း	• မွေးမြူရေးနှင့်ဆေးကုသရေးဦးစီးဌာနမှ သင်တန်းများဖြန့်ဝေပေးနေခြင်း။ • စားကျက်နှင့်မြေနေရာအလုံအလောက်ရှိသည်။	နိုင်ရန် ခက်ခဲခြင်း။ • နည်းပညာနှင့် ငွေကြေးဝန်ဆောင်မှုများရရှိရေး အစီအစဉ်နှင့် အချိတ်အဆက် အားနည်းခြင်း။ • သားသတ်လိုင်စင်အခက်အခဲကြောင့် ဈေး နှိမ်ခံ ရခြင်း။ • စီးပွါးဖြစ်မွေးမြူရန် အ တွေ့ အကြုံနှင့် ဗဟု သုတ အား နည်းခြင်း။	ဖန်တီးပေးခြင်း ○ ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီရေး ○ နည်းပညာဝန်ဆောင်မှု လက် လှမ်းမီရေး ○ ဈေးကွက် • သယ်ယူပို့ဆောင် ရေး	• ဥစားကြက်နှင့် အသားစား စီပီကြက် စမ်းသပ်မွေးမြူခြင်း • တိ-ကုသင်တန်း • မွေးမြူရေးသင်တန်း (ငါး-ကြက်-ဝက် -ငါးစပါး) • ငါးကန်လုပ်ငန်း • ငါး-စပါးမွေးမြူရေးစမ်း သပ်ကွက်
ကဏ္ဍ - စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ						
၄။	• လယ်ယာလုပ်ငန်း မဟုတ်သောဝင်ငွေတိုးလုပ်ငန်း လုပ်ကိုင်နိုင်ရန် အခွင့်အလမ်း နည်းသည်။	• အလုပ်အကိုင် အခွင့်အလမ်း နည်းသည်။ • အရင်းအနှီးနည်းပါးသည်။ • အိမ်တွင်းမှု လုပ်ငန်းအတွက် လျှပ်စစ်မီး လက်လှမ်းမမီသေးခြင်း	• လမ်းပန်းဆက်သွယ်ရေးအသင့်အတင့် ကောင်းမွန်သည်။ • လုပ်သားအင်အားနှင့် ဒေသထွက်ကုန်အသင့်အတင့် ရှိသည်။	• အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း ကျွမ်းကျင်မှုတိုးတက်ရေးအတွက် စီမံကိန်းများမရှိခြင်း	• ဝင်ငွေရလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်မည့်ပတ်ဝန်းကျင် အခြေအနေ ဖန်တီးခြင်း ○ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ○ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း။	○ သယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် သုံးဘီးဆိုင်ကယ်ထူထောင်ခြင်း

စဉ်	ပြဿနာ	အကြောင်း အရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း
			• ဈေးကွက်နှင့်နီးသည်။ • လျှပ်စစ်အိမ်မီးမရသေးသော်လည်း ခါတ်တိုင်များ စိုက်ထူပြီး၊ ထရန်စဖော်မာတပ်ဆင်ပြီးဖြစ်သည်။	• သင့်တော်သောအတိုးနှုန်းဖြင့် ဆင်းရဲသားများအတွက် ငွေချေးစနစ်မရှိခြင်း။ • အလုပ်အကိုင်အခွင့်အလမ်းနည်းခြင်း။		
		• အသက်မွေးဝမ်းလုပ်ငန်း ကျွမ်းကျင်မှုအား နည်း။ • မြို့တက်၍သင်တန်းများရယူရန် နေထိုင်ရေး၊ စားစရိတ်များမတတ်နိုင်ခြင်း။	• အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း ကျွမ်းကျင်မှု တိုးတက်ရေး အတွက် စီမံကိန်းများမရှိခြင်း၊ • လေ့လာသင်ယူရန် အဆက်အသွယ်နှင့် အရင်းအနှီးမရှိ။	• လေ့လာသင်ယူရန် အဆက် အသွယ် နှင့် အရင်းအနှီးမရှိ။	• နည်းပညာနှင့်ငွေကြေး ဝန်ဆောင်မှုများဖန်တီးပေးခြင်း။	• အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းကျွမ်းကျင်မှု တိုးတက်ရေး သင်တန်းများ ○ ခေါက်ဆွဲပြုလုပ်နည်းသင်တန်း (ဆန် - ဂျုံ) ○ ဝပ်ရှော့စက်ပြင်သင်တန်း ○ စက်ချုပ်ဇာထိုးပန်းထိုးသင်တန်း ○ ဆွယ်တာထိုးသင်တန်း ○ မုံ၊ ဂျယ်လီနှင့် အအေးသင်တန်း ○ ရေခဲမုန့် -ဂျယ်လီ၊ သစ်သီးဖျော်ရည်ပြုလုပ်ခြင်းသင်တန်း ○ ဆံပင်ညှပ်သင်တန်း ○ ပန်းရံ၊ လက်သမားသင်တန်း
ကဏ္ဍ - ငွေကြေးလက်လှမ်းမှီမှုနှင့်ဘဏ်လုပ်ငန်း						
၅။	• ချေးငွေအတိုးနှုန်းမြင့်မားခြင်းနှင့် ချေး	• ဆင်းရဲသားများအတွက်သင့်တော်သော အတိုးနှုန်းဖြင့်ချေးငွေ	• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေများထုတ်ပေးနေခြင်း။	• ချေးငွေလုံလောက်မှုမရှိ။	• လုံလောက်သောချေးငွေပမာဏအား သင့်တင့် သော အတိုးနှုန်း ဖြင့်	• အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ် မူတည်၍ ထုတ်ချေးပေးနိုင်မည့် ချေး ငွေ

စဉ်	ပြဿနာ	အကြောင်း အရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း
	ငွေစည်းမျဉ်းများ တင်းကျပ်လွန်း ခြင်း	ပေးမည့်အဖွဲ့များ မရှိခြင်း။	• ကျေးရွာရံပုံမှလည်း ချေး ငွေရယူနိုင်ခြင်း	• စပါးအတွက်သာ ချေးငွေရှိသော်လည်း ချေးနိုင်သူအလွန် နည်းသည်။	ကာလရှည်ချေးငွေပေးနိုင် မည့်အဖွဲ့များနှင့်ချိတ်ဆက် ရေး	ဌာနများနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက်လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း • ကျေးရွာရံပုံငွေကြေးအရင်းအနှီး ထူထောင်ခြင်း
ကဏ္ဍ - ပညာရေး						
၆။	• အဆောက်အဦး နှင့် ပရိဘောဂ လုံလောက်မှုမရှိ။	• အလယ်တန်းကျောင်း ဆောင်လုံလောက်မှု မရှိ။ • သောက်သုံးရေလုံ လောက်မှုမရှိ။ • ကျောင်းခြံစည်းရိုး မကောင်း၊ လုံခြုံမှု အားနည်း။ • ယင်လုံအိမ်သာ လုံ လောက်မှုမရှိ။	• အဝေးတွင်းတူးဖော် လျှင် သောက်သုံးရေ ရရှိနိုင်သည်။ • လူထုမှ ပူးပေါင်း ပါဝင်မှု ကောင်း သည်။	• ပညာရေးရန်ပုံငွေ နှင့် အရင်းအနှီး လုံ လောက်မှုမရှိခြင်း။	• အရင်းအနှီးနှင့် နည်းပညာ ရရှိရန် ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ • ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	• အလယ်တန်းကျောင်းဆောင် ဆောက်လုပ်ခြင်း • ကျောင်း/ရွာတွင်း ရေတွင်း တူးဖော်ခြင်း • ခြံစည်းရိုးဆောက်လုပ်ခြင်း (ကျောင်း၊ ဆေးခန်း၊မူ ကြို) • ယင်လုံအိမ်သာဆောက် လုပ်ခြင်း (ရွာ + ကျောင်း)
ကဏ္ဍ - ကျန်းမာရေး						
၇။	• ကျန်းမာရေးဝန် ဆောင်မှုနှင့် ဗဟုသုတ နည်း သေးသည်။	• သောက်သုံးရေ လုံ လောက်မှုမရှိ။ • ကျန်းမာရေးပြုစု စောင့်ရှောက်မှုလိုအပ် နေသေးသည်။	• ရွာနှင့် ၂ ဖါလုံခန့် အကွာအဝေးတွင် စိမ့်စမ်းရေ ထွက်ပေါက်ရှိသည်။	• ရေသွယ်ယူ ရန် ငွေအရင်းအနှီးမရှိ။ • သင်တန်းတက် ရောက်ရန် အဆက် အသွယ်မရှိ။	• အရင်းအနှီးနှင့် နည်းပညာ အဆက်အသွယ်များဖန်တီး ပေးခြင်း။	• ရေထွက်ပေါက်မှရေသွယ် တန်းခြင်း (၂ ဖာလုံ) သောက် သုံးရေ • ကျန်းမာရေးလုပ်သား သင်တန်း • အရံသားဖွားသင်တန်း

စဉ်	ပြဿနာ	အကြောင်း အရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း
			• ကျန်းမာရေးလုပ်သား နှင့် အရံ သားဖွါး တက်ရောက်ရန် လူအင်အား ရှိသည်။			
ကဏ္ဍ - လမ်းပန်း ဆက်သွယ်ရေး						
၈။	• ကုန်ထုတ်လမ်းမကောင်း။မိုးတွင်း သွားလာရာတွင် အခက် အခဲရှိသည်။	• ကျေးရွာအတွင်း မြေသားလမ်းဖြစ်ခြင်း။ • တံတားများမှာ အလွန် ဟောင်းနွမ်းနေခြင်း	• ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ လမ်း၊ တံတားများပြုလုပ်ပေးနေခြင်း။ • ဒေသထွက်ကုန်များ ရှိပြီး နေ့စဉ်ပုံမှန် သွားလာမှုများ ရှိနေသည်။	• လမ်းပြုပြင်ရန်နှင့် တံတား ဆောက်လုပ်ရန် အရင်းအနှီးနှင့် နည်းပညာမရှိ။	• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ကုန်ထုတ်လမ်း အ ဆင့်မြှင့်တင်ခြင်း။	• ကုန်ထုတ်တံတား (၃ စင်း) • ကုန်ထုတ်လမ်း (၁မိုင်၊ ၂ ဖာလုံ) ရွာချင်းဆက်လမ်း • ရွာတွင်းလမ်းပြုပြင်ခြင်း
ကဏ္ဍ - လျှပ်စစ်မောတ်အားသုံးစွဲ ရေး						
၉။	• လျှပ်စစ်မီးလက်လှမ်းမမီသေးပါ ။	• အစိုးရ အကူအညီ လိုအပ်သည်။	• အစိုးရလျှပ်စစ်ဓါတ်အားလိုင်းနှင့် လက်လှမ်းမီသည်။ • ကျေးရွာမှ လူအား၊ ငွေအား ပူးပေါင်း ပါဝင်မှုကောင်းသည်။	• အဆက်အသွယ် အားနည်းသည်။ • အရင်းအနှီးမတတ်နိုင်ကြပါ။	• သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။	• လျှပ်စစ်မီး တပ်ဆင်ခြင်း။

စဉ်	ပြဿနာ	အကြောင်း အရင်း	အလားအလာ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း
ကဏ္ဍ - လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား						
၁၀	• လူငယ်များဖွံ့ဖြိုးတိုးတက်မှု အားနည်းသည်။	• အသက်မွေးပညာနှင့် အတန်း ပညာတတ် နည်းပါးခြင်း • လူငယ်ဖွံ့ဖြိုးရေး အတွက် အားကစား ၏ အရေးပါမှုကို အလေးထားမှု အားနည်းခြင်း။	• လူငယ်အချို့ဖုန်း အင်တာနက် လက် လှမ်းမီအသုံး ပြုနိုင်သည်။ • လူငယ်များ သာရေး၊ နာရေးကိစ္စများ အတွက်အစည်းအဝေး ကျင်းပလေ့ရှိသည်။	• လူငယ်ရိပ်သာ ဆောက်လုပ်ရန် ငွေအရင်းအနှီးမရှိ။ • သင်တန်းများတက် ရောက်ရန်အဆက် အသွယ်နှင့်အရင်း အနှီးမတတ်နိုင်ကြ ပါ ။	• နည်းပညာနှင့် အရင်းအနှီး များလက်လှမ်းမီရန် အခြေ အနေနှင့် အချိတ်အဆက် များ ဖန်တီးပေးခြင်း။	• ဂီတ၊ အနုပညာသင်တန်း (ရိုးရာ၊ခေတ်အက) • ကွန်ပြူတာနှင့် အင်္ဂလိပ်စာ သင်တန်း • လူငယ်ရိပ်သာဆောက်လုပ်ခြင်း • အားကစားပစ္စည်း (ဘော လုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ခြင်းလုံး စသည်)

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ဒီမောဆိုးမြို့နယ်၊ ဆင်တောင်ကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• …….(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ